# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ တနင်္လာနေ့ အတွဲ (၆၅)၊ အမှတ်(၁၁၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမနှင့် အမျိုးသားပြတိုက်တို့၌ ကျင်းပလျက်ရှိသည့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟိုအဆင့်)ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့်ဇနီး၊


*စာမျက်နှာ ၃ ကော်လံ ၁ ❖*







## စောင်းတီးခတ်ယှဉ်ပြိုင်မှု ကြည့်ရှုအားပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟိုအဆင့်) ပြိုင်ပွဲ အမျိုးသမီးစောင်းတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**ယနေ့ သတင်းအညွှန်း**


မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင် — ပြည်တွင်းသတင်း စာ ၇

NCA (၁၀) နှစ်ပြည့်မှသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ငြိမ်းချမ်းသော အနာဂတ်ပြည်ထောင်စု နိုင်ငံတော်သစ်ဆီသို့… — ဆောင်းပါး စာ ၈

မြန်မာ့အလင်း

# နိုင်ငံသားတစ်ဦး၏ အခွင့်အရေး နိုင်ငံသားတစ်ဦး၏ တာဝန်

တစ်နေ့ကုန်၍ တစ်နေ့ဆန်းသည်နှင့်အမျှ ရွေးကောက်ပွဲက တစ်နေ့ထက်တစ်နေ့ ပို၍ပို၍ နီးကပ်လာသည်။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သကဲ့သို့ ဆန္ဒမဲပေးခြင်းသည်လည်း နိုင်ငံသားတစ်ဦး၏ အခွင့်အရေး၊ နိုင်ငံသားတစ်ဦး၏ တာဝန်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီသက်တမ်း နုနယ်သေးသည့်အပြင် မိမိတို့နိုင်ငံသားများအတွင်း ဒီမိုကရေစီယဉ်ကျေးမှု၊ ဒီမိုကရေစီအလေ့အထတို့ အခြေတကျမဖြစ်သေး၊ မရင့်ကျက်သေး။ သည်ကြားထဲတွင်မှ ပါတီနိုင်ငံရေးသမားတို့က နိုင်ငံနှင့်ပြည်သူ ထိခိုက်နစ်နာမည့်အရေးကို မငဲ့ကွက်ဘဲ ဖောက်လွဲဖောက်ပြန် ပြုကြသောအခါ ဒီမိုကရေစီသည်လည်း ချွတ်ချော်တိမ်းပါးခဲ့ရသည်။ ယခုလည်း နိုင်ငံ့တာဝန်ကို ယူထားရသည့်အစိုးရက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေကျင်းပပေးရန်၊ တစ်နည်းအားဖြင့် နိုင်ငံတော်အာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူထံသို့ ပြန်လည်အပ်နှင်းရန် ဆောင်ရွက်လာသောအခါ အကြမ်းဖက်သမားများ၊ အဖျက်အမှောင့်သမားများက ခြိမ်းခြောက်နှောင့်ယှက်မှု၊ အကြမ်းဖက်မှုတို့ ပြုလုပ်လာသည်။

ရွေးကောက်ပွဲကို အတုအယောင်ရွေးကောက်ပွဲဟူ၍ အသရေဖျက်ရန် ကြိုးပမ်းနေကြသည့် ဖျက်လိုဖျက်ဆီးလုပ်ရပ်များလည်း ပြုလုပ်လာရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဗြိတိသျှထံမှ ငြိမ်းချမ်းသည့်နည်းဖြင့် ပြန်လည်ရရှိခဲ့သည့်လွတ်လပ်ရေးကို အတုအယောင်လွတ်လပ်ရေးအဖြစ် စွပ်စွဲခဲ့သည့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခြေရာကိုနင်းပြီး နိုင်ငံ၏အနာဂတ်ကိုဖျက်ဆီးရန် ပြုလုပ်ခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အနေဖြင့် "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ" ကို ပြဋ္ဌာန်းထားပြီး နည်းအမျိုးမျိုးဖြင့် ရွေးကောက်ပွဲပျက်ပြားစေရန် ရည်ရွယ်ပြုလုပ်နေမှုများမှ အကာအကွယ်ပေးထားသည်။ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရန်အတွက် အဖျက်အမှောင့်၊ အနှောင့်အယှက်များကို ဖယ်ရှားရှင်းလင်းကာ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲကို ဖော်ဆောင်ကြရမည်ဖြစ်သည်။

ဤအခြေအနေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုအလိုရှိသော ပြည်တွင်းရှိ ပြည်သူလူထုကြီးတစ်ရပ်လုံးက လိုလားသကဲ့သို့ မိတ်ဆွေနိုင်ငံတကာ အသိုင်းအဝိုင်းကလည်း ထောက်ခံအားပေးလျက်ရှိသည့်အပြင် မှန်ကန်သောလမ်းကြောင်းလည်းဖြစ်သည့်အလျောက် ဘယ်အဖျက်သမားဖျက်ဖျက် ပျက်မည်မဟုတ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပင်ဖြစ်သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များသည်လည်း အချိန်ဇယားနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ မဲစာရင်းများကို မဲဆန္ဒရှင်ပြည်သူများ စိစစ်ကြည့်ရှုနိုင်ရန်အတွက် ပထမအကြိမ်အဖြစ် ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ကပ်ထားကြေညာလျက်ရှိသည်။ အကယ်၍ မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မဲဆန္ဒရှင်ပြည်သူများက မဲစာရင်းများကို သွားရောက်ကြည့်ရှုကြပြီး လိုအပ်လျှင်လိုအပ်သလို ထုံးနည်းတကျ တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်လွှာတင်သွင်းခြင်းတို့ ဆောင်ရွက်ကြရန်လိုသည်။ ထို့အပြင် ရွေးကောက်ပွဲပျက်ပြားစေရန် နှောင့်ယှက်၊ ဟန့်တား၊ ဖျက်ဆီးမှုများကို ကာကွယ်တားဆီးရာတွင် ဝိုင်းဝန်းပါဝင်ကြရန်လည်း လိုအပ်သည်။ ထို့ပြင် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကျင်းပစဉ်ကာလနှင့် ရွေးကောက်ပွဲအပြီးကာလတို့တွင် နိုင်ငံမတည်မငြိမ်ဖြစ်အောင်၊ လူမှုအသိုက်အဝန်းများကြား ပဋိပက္ခများဖြစ်ပွားအောင် ဖန်တီးပြုလုပ်ကြသည့် မသမာသူများ၊ အဖျက်အမှောင့်သမားများ၊ အကြမ်းဖက်သမားများ၏ ရန်ကိုလည်း တစ်တပ်တစ်အား ဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်သည်။

ယနေ့မှစ၍ (၇၇) ရက်ပြည့်မြောက်လျှင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး၏ အပိုင်း(၁) ကို ကျင်းပတော့မည်ဖြစ်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းသည်နှင့်အမျှ ရွေးကောက်ပွဲသည်လည်း ပိုမိုမြန်ဆန်စွာ အောင်မြင်ပြီးမြောက်နိုင်မည်ဖြစ်ရာ နိုင်ငံတစ်ဝန်း အကြမ်းဖက်အဖျက်သမားတိုက်ဖျက်နှိမ်နင်းရေးနှင့် နယ်မြေဒေသများ တရားဥပဒေစိုးမိုးရေးတို့တွင် ပြည်သူတို့၏ စုပေါင်းအားဖြင့် ပါဝင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

# ၂၀၂၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

## World Food Day 2025

## "အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့"

## (Hand in Hand for Better Foods and a Better Future)

## အောက်တိုဘာလ ၁၆ ရက်နေ့

**၁၁ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂- ၁၀ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၃၀ | ၂၈၄၀ | ၂၈၁၀ | ၂၇၆၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၈၀ | ၂၈၀၀ | ၄၅၀၅ | ၃၀၉၅ | ၂၈၁၅ | ၂၈၅၇ | ၂၈၉၀ | ၂၈၅၅ | ၂၈၇၅ | ၃၁၃၀ |
| 95 Ron | ၂၈၀၀ | ၂၉၁၅ | ၂၈၈၀ | ၂၈၁၅ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၅ | ၂၈၉၀ | ၂၉၂၂ | ၂၉၆၀ | ၂၉၂၅ | ၂၉၄၅ | ၃၂၀၅ |
| HSD (500 ppm) | ၂၅၀၅ | ၂၆၁၅ | ၂၅၈၅ | ၂၅၁၅ | ၂၆၂၅ | ၂၆၄၀ | ၂၆၅၅ | ၂၅၇၅ | - | ၂၈၆၅ | ၂၅၉၀ | ၃၁၉၆ | ၂၆၆၅ | ၂၆၂၅ | ၂၆၅၀ | ၂၉၀၅ |
| HSD (50 ppm) | ၃၀၅၀ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၅ | ၃၁၂၀ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၂၁၈ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၀ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၅ | ၃၁၂၀ | - | ၃၄၁၅ | ၃၁၄၀ | ၃၂၁၈ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၆၈ | ၂၆၅၃ |
| 95 Ron | ၂၆၃၆ | ၂၇၂၃ |
| HSD (500 ppm) | ၂၃၄၉ | ၂၄၂၅ |
| HSD (50 ppm) | ၂၈၈၀ | ၂၉၆၇ |
| HSD (10 ppm) | ၂၈၈၀ | ၂၉၆၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်

စာတည်းမှူး - မြင့်စိုး

စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း

ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်

သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

သတင်းထောက်မှူး - ခင်ရတနာ

အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊

သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)

ဓာတ်ပုံသတင်းထောက် - တင်စိုး

စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့

အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟိုအဆင့်)ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားဒိုးပတ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

❖ ***ရှေ့ဖုံးမှ***

ပြည်ထောင်စု ဝန်ကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

**ဒိုးပတ်ပြိုင်ပွဲ ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားအိုးစည် အတီးပြိုင်ပွဲနှင့် အမျိုးသားဒိုးပတ်ပြိုင်ပွဲတို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲဝင်အဖွဲ့များက လှပသေသပ်လှသည့် တီးလုံးတီးကွက်များ၊ ကပြသီဆိုမှုများဖြင့် မြူးကြွမြိုင်ဆိုင်စွာ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

**စောင်းတီးပြိုင်ပွဲ ကြည့်ရှုအားပေး**

ထို့နောက် အမျိုးသားပြတိုက် (Mini Theatre) တွင် ကျင်းပပြုလုပ်လျက်ရှိသည့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး စောင်းတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြိုင်ပွဲဝင်များက လျှပ်ပန်းခွေနွဲ့(ယိုးဒယား) သီချင်းဖြင့် သာယာနာပျော်ဖွယ် တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် အဆင့်မြင့်ပညာအဆင့်

***စာမျက်နှာ ၄ သို့***



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟိုအဆင့်)ပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) စန္ဒရားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၃ မှ*
(အမျိုးသမီး) စန္ဒရားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များက မနက်ဖြန် (သို့မဟုတ်) ဘယ်သောအခါ (ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့်ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသား စည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာ အနုပညာရပ်များကို မျိုးဆက်သစ် လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေးနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့်အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ရည်ရွယ်ချက်များဖြင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသ ပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက် ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့်ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) စန္ဒရားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး တီးခတ်ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။

❒ **မြန်မာတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့်အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့်အမျိုးသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေးနှင့် နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့်အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့်ရည်ရွယ်ချက်များဖြင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့်နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာကျင်းပ**

# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**နေပြည်တော် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ထိန်စွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၀၂ ဦးတို့အား အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး ထိန်စွန်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ဖောင်တော်ဦး ဘုန်းတော်ကြီး သင်ပညာရေး တွဲဖက်အထက်တန်းကျောင်း၌ သံဃာတော် ၁၃၉ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် အပါး ၅၀ နှင့် ဒေသခံပြည်သူ ၄၉ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်မျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

၇၇

ရက်

သာ လိုတော့သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁) ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက် နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၁/၂၀၂၅) ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၅၂/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကို လည်းကောင်း၊ ကြေညာချက်အမှတ် (၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကို လည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်း ကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံ တိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

### ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

## ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီအဆင့်ဆင့်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ကြသော တာဝန်ခံဥပဒေအရာရှိများ ဥပဒေအရပေးအပ်သောတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၁၁** ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ၌ ရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်တွင် သက်ဆိုင်ရာ တာဝန်ခံဥပဒေအရာရှိများက အဖွဲ့ဝင်အဖြစ်ပါဝင်လျက်ရှိသည့်အတွက် အဖွဲ့ဝင်အဖြစ် ပါဝင်ကြသော တာဝန်ခံဥပဒေအရာရှိများအနေဖြင့် ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရန်လိုအပ်ကြောင်း ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေအရာရှိများနှင့် ယနေ့နံနက်ပိုင်းက ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံစဉ် မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ တရားမျှတမှုရရှိစေရေးသာမက ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နေသောအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များကို အများပြည်သူက နားလည်သိရှိပြီး ဆောင်ရွက်ချက်များအပေါ် ယုံကြည်အားကိုးမှုရှိစေရေး ရည်မှန်းချက်အတွက် ဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ်မှ ၂၀၂၉ ခုနှစ်ထိ အကောင်အထည်ဖော်ဆောင်ရွက်မည့် တတိယမြောက် မဟာဗျူဟာစီမံကိန်းကို **"ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်" "Building Legal Trust for the People"** ဟူသည့် ဆောင်ပုဒ်ချမှတ်ခဲ့ပြီး ပန်းတိုင် ၅ ရပ်ဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ တတိယမြောက် မဟာဗျူဟာစီမံကိန်းအရ အသစ်ဆောင်ရွက်ရမည့်လုပ်ငန်းများအဖြစ် ဥပဒေအသိပညာဆိုင်ရာ ဒီပလိုမာဘွဲ့ သင်တန်းဖွင့်လှစ်ခြင်း၊ တက္ကသိုလ်ကျောင်းသားများနှင့် ရှေ့နေရှေ့ရပ်များအတွက် ဥပဒေပညာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခြင်း၊ Grade 12 သင်ရိုးညွှန်းတမ်းတွင် ဥပဒေဘာသာရပ် ထည့်သွင်းပို့ချနိုင်ရန် TOT သင်တန်းများ ဆောင်ရွက်ခြင်း၊ e – library တည်ထောင်ခြင်း စသည့်ပထမဦးစားပေးလုပ်ငန်းအစီအစဉ်များကို စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

**"ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်"** ခေါင်းစဉ်နှင့်အညီ ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို အများပြည်သူက သိရှိစေရန်နှင့် ယုံကြည်ကိုးစားနိုင်ရန်၊ မဟာဗျူဟာစီမံကိန်းပါ ပန်းတိုင်များ အောင်မြင်စေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်ရုံးများကလည်း လုပ်ငန်းအစီအစဉ်များကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သတင်းအချက်အလက် နည်းပညာ(IT)နှင့်ပတ်သက်၍ "သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ မူဝါဒ" ကို ရေးဆွဲပြီးဖြစ်၍ ယင်းမူဝါဒနှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်ရုံးများနှင့် လက်အောက်ခံ ဥပဒေရုံးများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် လိုက်နာဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ထို့ပြင် လုပ်ငန်းခွင်တွင် ခေတ်မီနည်းပညာများကို ပေါင်းစပ်အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်ရုံးများနှင့် လက်အောက်ခံဥပဒေရုံးများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အထောက်အပံ့ပစ္စည်းများ၊ အခြေခံအဆောက်အအုံများ ကောင်းမွန်စေရန်အတွက် ဘဏ္ဍာနှစ်အလိုက် လိုအပ်သည့် ဘဏ္ဍာငွေများ တောင်းခံ၍ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

**ပါတီစုံအထွေထွေရွေးကောက်ပွဲကို** ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည့်အတွက် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအနေဖြင့် အသစ်ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် လွှတ်တော်သုံးရပ်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေများကို ကျေညက်စွာ လေ့လာထားရန်လိုအပ်ကြောင်း၊ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဖြင့် ဥပဒေအကြံပြုချက် တောင်းခံသည့်အမှုများကို ဥပဒေအကြံပြုပြန်ကြားရာတွင် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကို ပြည့်စုံစွာကိုးကား၍ အကြံပြုပြန်ကြားရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ တိုင်းဒေသကြီး၊ ပြည်နယ် ဥပဒေချုပ်များနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ၊ ရုရှားနှင့် ဘယ်လာရုစ် သုံးနိုင်ငံချစ်ကြည်ရေး ရိုးရာတေးဂီတဖျော်ဖြေပွဲ ကျင်းပ





**ရန်ကုန် အောက်တိုဘာ ၁၁**
မြန်မာ၊ ရုရှားနှင့် ဘယ်လာရုစ် သုံးနိုင်ငံချစ်ကြည်ရေး ရိုးရာတေးဂီတဖျော်ဖြေပွဲကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

အဆိုပါဖျော်ဖြေပွဲသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ရုရှား-မြန်မာချစ်ကြည်ရေး အသင်း ဒုတိယဥက္ကဋ္ဌ Mr.Alexander Ostrovskiy နှင့် တာဝန်ရှိသူများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ အနုပညာရှင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။**(အပေါ်ယာပုံ)**

ဦးစွာ ယဉ်ကျေးမှုဖလှယ်မှုမှသည် ချစ်ကြည်ရင်းနှီးမှုများဆီသို့ Video Clip ဖွင့်လှစ်ပြသပြီး ရုရှား- မြန်မာ ချစ်ကြည်ရေး အသင်း ဒုတိယဥက္ကဋ္ဌ Mr.Alexander Ostrovskiy က မိတ်ဆက်စကားပြောကြားကာ ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေမည့် အနုပညာရှင်များနှင့် မိတ်ဆက်ပေးသည်။

ဖျော်ဖြေပွဲတွင် ဘယ်လာရုစ် အနုပညာရှင်များက “ရုရှားနှင့် ဘယ်လာရုစ်- သွေးရင်းအစ်ကို ညီရင်းနှမ တေးသီချင်း၊ Belarus and Myanmar တေးသီချင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) မှ အရုပ်နဲ့လူ ကကြိုးတူ (သူငယ်တော်အက) ရုပ်သေး၊ “ခေါင်းလောင်းသံ” တေးသီချင်း၊ “ဘော်ဒကာတစ်ခွက်နဲ့ နှုတ်ဆက်မယ်” တေးသီချင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အဆိုရှင် စောဒယ်နီရယ်က “ပြုံးတဲ့လှယ်” တေးသီချင်း၊ “မျက်ဝန်း”တေးသီချင်း၊ ရုရှားသံရုံးမှ “လယ်ဘယ် ဒူးရှ်ကာ” အက၊ မြဝတီတေးဂီတအဖွဲ့က “မြန်မာ့ရှုခင်း မြန်မာ့စိတ်ရင်း” တေးသီချင်း၊ “ကျူးလစ်ပန်း” တေးသီချင်း၊ “တို့ရွာနီ” တေးသီချင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ခေတ်(ဖ)ခေတ်အက၊ “သြော်တံစဉ် ကျွန်တော်တံစဉ်” တေးသီချင်း၊ “ကာလင်ကာ”အက၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အဆိုရှင် လဝန်းမေက “မြစ်ရေသွင်သွင်” တေးသီချင်း၊ “မြန်မာ” တေးသီချင်း၊ “သင်္ကြန်” တေးသီချင်း၊ မြဝတီတေးဂီတအဖွဲ့က “ပြည်ထောင်စုကြီး ထာဝရတည်တံ့စေသား” တေးသီချင်း၊ ရုရှားသံရုံးမှ “ရီဗာရောနေ့ဝ်” တေးသီချင်း၊ “ပုဂံ”တေးသီချင်း၊ “အတူရှိမယ် မြန်မာ” တေးသီချင်း၊ “ကျွန်ုပ်တို့ မြန်မာပြည်” တေးသီချင်း၊ “ကာကျူးရှာ” တေးသီချင်း၊ “အမိမြေ” တေးသီချင်း၊ “ပန်းရောင်စုံ” တေးသီချင်းနှင့် “တောင်းဆုခြွေ” တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးတို့အား ဘီလာရုစ်တေးဂီအဖွဲ့ ခေါင်းဆောင် Mr. Alexander Ostrovskiy က ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အောင်ဆန်းပုံနှိပ်စက်ရုံရှိ ပုံနှိပ်ရေးလုပ်ငန်းများနှင့် ဝဇီရာရုပ်ရှင်ရုံ ပြင်ဆင်ရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၁**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အောင်ဆန်းပုံနှိပ်စက်ရုံရှိ ပုံနှိပ်ရေးလုပ်ငန်းများနှင့် ကျောက်တံတားမြို့နယ်ရှိ ဝဇီရာရုပ်ရှင်ရုံ ပြင်ဆင်ရေးလုပ်ငန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ အင်းစိန်မြို့နယ် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အောင်ဆန်းပုံနှိပ်စက်ရုံရှိ ပုံနှိပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

ဦးစွာ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပုံနှိပ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အတွက် လိုအပ်သည့် အရေးကြီး ပုံနှိပ်လုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် ချွတ်ယွင်းမှားယွင်းမှု တစ်စုံတစ်ရာ မဖြစ်ပေါ်စေရေးအတွက် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ကာ ပုံနှိပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဝဇီရာရုပ်ရှင်ရုံသို့ ရောက်ရှိပြီး နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက ဝဇီရာရုပ်ရှင်ရုံအား နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလဗိသုကာလက်ရာများ၊ မူလပုံစံများ မပျက်ယွင်းစေဘဲ ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ ၂၀၂၆ ခုနှစ် မတ်လဒုတိယအပတ်တွင် ပြီးစီးအောင် ပြင်ဆင်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြင်ဆင်ရေးလုပ်ငန်းများကို စဉ်းစားဆောင်ရွက်ရာတွင် ရေတိုလုပ်ငန်းများသာမက ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုပါ ထည့်သွင်းတွက်ဆဆောင်ရွက်ရန် လိုပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံသည် ရန်ကုန် မြို့လယ်ကောင်တွင် တည်ရှိသည့်အတွက် နိုင်ငံတကာအဆင့်မီ ကဇာတ်ရုံကြီးတစ်ခု ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ကြစေလိုပါကြောင်းနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများကလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်နှင့် တက်ရောက်လာကြသူများက ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ယာယီနေရပ်စွန့်ခွာနေရသူများ ဆန္ဒမဲပေးခွင့်မဆုံးရှုံးစေရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်



**ရွှေကူ အောက်တိုဘာ ၁၁**
ကချင်ပြည်နယ် ရွှေကူမြို့နယ် အတွင်း ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးခွင့်မဆုံးရှုံးစေရန် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက ၎င်းတို့စခန်းများသို့ အသိပညာပေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အသိပညာပေး**

အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များ၊ မြို့နယ်ရဲမှူးမြင့်ဇော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး(ခေတ္တ) ဦးဝင်းစိုးစံတို့က ရွှေကူမြို့နယ်အတွင်းသို့ ယာယီနေရပ်စွန့်ခွာ ရောက်ရှိနေသောပြည်သူများ တည်းခိုနေထိုင်ရာစခန်းများသို့ သွားရောက်၍ နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန်နှင့် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ပြည်သူတစ်ဦးချင်းမဲပေးပိုင်ခွင့် ရရှိစေရန်အတွက် မဲစာရင်း၌ မိမိအမည်စာရင်း ပါ/မပါ သိရှိနိုင်ရန်၊ မဲစာရင်းမပါရှိပါက မဲစာရင်း၌ မိမိအမည်စာရင်းပါရှိရန် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ရွှေကူမြို့နယ်အတွင်း ရက်ပေါင်း ၁၈၀ နှင့်အထက်ရောက်ရှိနေထိုင်နေပြီး မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်မဲပေးလိုခြင်း မရှိသည့် ပြည်သူများအနေဖြင့် ရောက်ရှိရာဒေသမှနေ၍ မဲပေးပိုင်ခွင့်ရရှိစေရန် ဥပဒေနှင့်အညီ မဲစာရင်းတွင် ပါရှိရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများကို အသေးစိတ်ဆွေးနွေး အသိပညာပေးခဲ့ကြပြီးနောက် မဲဆန္ဒရှင်ပြည်သူများသို့ ပုံစံ(၁၅) နှင့် ပုံစံ(၃-က) တို့ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၃၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၈၉
- (၂) ၀၆၃-၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၂၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်း




**ပြင်ဦးလွင် အောက်တိုဘာ ၁၁**

နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အလှူရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာအမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က ထောက်ပံ့လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆေးရုံသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး (ကိုယ်စား) ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးရဲထူးက လက်ခံရယူ၍ နောင်ချိုမြို့နယ်ပြည်သူ့ဆေးရုံကြီး(ကိုယ်စား) ပြင်ဦးလွင်မြို့ ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာ သင်းသင်းအိက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဦးအောင်မြင့်လွင် တောင်ငူမြို့နယ်အတွင်း မဲပေးနိုင်ရန်ထုတ်ပြန်ကြေညာထားသောမဲဆန္ဒရှင်စာရင်းများအား ကြည့်ရှုစစ်ဆေး



**တောင်ငူ အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစတင်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများ၌ စတင်ကြေညာထားရာ ယနေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးတာဝန်ခံ ဦးအောင်မြင့်လွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးတာဝန်ခံ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် တာဝန်ရှိသူများသည် အမှတ် (၂၁)ရပ်ကွက်နှင့် ကံရိုးကျေးရွာရှိ မဲဆန္ဒရှင်စာရင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မဲဆန္ဒရှင်စာရင်းတွင် ကျန်ရှိနေသောပြည်သူများအား မဲစာရင်းတွင်ပါရှိရေးအတွက် ပုံစံ(၃) လျှောက်လွှာဖြင့် လျှောက်ရာတွင် မှတ်ပုံတင်မိတ္တူပူးတွဲပါရှိရန်၊ မြို့ပေါ်ရပ်ကွက်များမှ မဲဆန္ဒရှင်များ၏အိမ်နံပါတ်ပါရှိရန်၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲထည့်ပေးကြရန်နှင့် မဲပေးခွင့်မဆုံးရှုံးစေရန် မဲစာရင်းပါရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ ဥပဒေနည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းကို ယနေ့တွင် တောင်ငူခရိုင်အတွင်းရှိ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် ရေတာရှည်မြို့နယ်များတွင်လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

NCA (၁၀) နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# NCA (၁၀) နှစ်ပြည့်မှသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ငြိမ်းချမ်းသော အနာဂတ်ပြည်ထောင်စု နိုင်ငံတော်သစ်ဆီသို့...

အောင်ကျော်မိုး(ငြိမ်းချမ်းရေး)

**၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုခဲ့သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ချုပ်ဆိုခဲ့ခြင်း (၁၀)နှစ်ပြည့်မြောက်သောနေ့ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးရည်မှန်းချက်မှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးပင် ဖြစ်ပါသည်။ ထို့ကြောင့် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ “NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကို ပုံဖော်မည်” ''From NCA To Sustainable Peace, Shaping Our Future" ဆောင်ပုဒ်နှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။**

> ❖ ယခုအခါ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဒီမိုကရေစီ နိုင်ငံရေးစနစ်ကို လျှောက်လှမ်းရာတွင် မိမိဒေသ၊ ရပ်ရွာအတွက် စိတ်ရင်းစေတနာမှန်ကန်၍ လူမှု၊ စီးပွား ဘဝဖွံ့ဖြိုးတိုးတက်နိုင်ရေး ဆောင်ရွက်ပေးနိုင်မည့် တိုင်းရင်းသားများနှင့် ဒေသကိုကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်အများအပြား ရွေးကောက်ခံစင်မြင့်သို့ ရောက်ရှိလာရန်မှာ အရေးကြီး

နိုင်ငံတစ်နိုင်ငံသည် ငြိမ်းချမ်းရေးမရှိပါက စည်ပင်ဝပြောသာယာမှု မရှိနိုင်သည့်အပြင် စီးပွားရေး၊ လူမှုရေးများ ပြိုလဲသွားနိုင်သည်ကို မငြိမ်းချမ်းသော နိုင်ငံများက သက်သေပြလျက်ရှိပါသည်။ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာ့သမိုင်းကြောင်းတစ်လျှောက် လက်နက်ကိုင်သောင်းကျန်းမှုမျိုးစုံကို ရင်ဆိုင်ခဲ့ကြရပြီး ယနေ့တိုင် အပြီးမသတ်နိုင်သေးသည့်အတွက် ပြည်တွင်းပဋိပက္ခရှည်ကြာသည့်နိုင်ငံဟု ပြောစမှတ်ပြုခံနေရပါသည်။

## ငြိမ်းချမ်းမှုသည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်နိုင်မည်

အဆိုပါ ပဋိပက္ခများ ချုပ်ငြိမ်းစေရန် နိုင်ငံတော်အစိုးရအဆက်ဆက်က ကြိုးပမ်းခဲ့သော်လည်း အတိုင်းအတာတစ်ခုအထိသာ ဖြေရှင်းနိုင်သေးပြီး အဆုံးမသတ်နိုင်သေးသည့်အတွက် နာတာရှည်ရောဂါတစ်ခုအလား ဖြစ်နေပါသည်။ ပဋိပက္ခများအကြားတွင် ရုန်းကန်လှုပ်ရှားနေကြရသည့် ပြည်သူအချို့၏ ဘဝများမှာ အင်မတန်ခါးသီးလှပါသည်။ ငြိမ်းချမ်းမှုမရှိခြင်း၏ ခါးသီးလှသော အတွေ့အကြုံများကို မည်သည့် ပြည်သူလူထုမျှ တွေ့ကြုံခံစားလိုခြင်း ရှိမည်မဟုတ်ပါ။ သို့ဖြစ်ရာ ငြိမ်းချမ်းရေး၏ အရသာကို လိုလားတောင့်တ၍ ငြိမ်းချမ်းရေး၏ တန်ဖိုးအနဂ္ဃအား မြတ်နိုးခြင်းသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အသက်ဝိညာဉ်ဖြစ်ပြီး ငြိမ်းချမ်းမှုသည်သာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ငြိမ်းချမ်းရေးရရှိရေးထက် ပိုမိုအရေးကြီးသည့် လုပ်ငန်းစဉ်မရှိတော့သည်ကို တိုင်းရင်းသားပြည်သူလူထုအားလုံးက ခြွင်းချက်မရှိ နားလည်လက်ခံ ယုံကြည်နေကြပြီဖြစ်ပါသည်။ ယနေ့ရရှိထားသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)သည် လွယ်လွယ်ကူကူဖြင့် ရရှိလာခြင်းမဟုတ်ဘဲ ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ အသွင်ကူးပြောင်းမှုစတင်ချိန်၌ ဦးစားပေးလုပ်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ ဆယ်စုနှစ်ပေါင်းများစွာ ဖြေရှင်းနိုင်ခြင်း မရှိသေးသည့် လက်နက်ကိုင်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုသည် နိုင်ငံတော်တည်ဆောက်ရေးတွင် မရှိမဖြစ် လိုအပ်ချက်ဖြစ်လေရာ ၂၀၁၁ ခုနှစ်တွင် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုအား နိုင်ငံရေးအသွင် ကူးပြောင်းမှုနှင့်အတူ စတင်ခဲ့ခြင်းဖြစ်ပါသည်။

တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့က ဖွဲ့စည်းပေးခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် ညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့(SD) တို့က ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းအဖွဲ့ (UPWC) နှင့် ၂၀၁၄ ခုနှစ် မတ်လ ၈ ရက်မှစတင်၍ အစည်းအဝေးပေါင်း ၉ ကြိမ်ပြုလုပ်ဆွေးနွေးခဲ့ကြပါသည်။ ငြိမ်းချမ်းရေးစတင်ဖိတ်ခေါ်ခဲ့သည့်နေ့မှစတင်၍ NCA စာချုပ် အကောင်အထည်ပေါ်သည်အထိ ရက်ပေါင်း ၁၄၅၀ ကြာမြင့်ခဲ့ပြီး တွေ့ဆုံညှိနှိုင်းမှု အကြိမ်ရေပေါင်း ၅၀၀၀ ကျော် လုပ်ဆောင်ခဲ့ရသည်။ NCA စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတကာ အသိသက်သေများဖြစ်ကြသော ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ အစိုးရကိုယ်စားလှယ်များ တက်ရောက်ကြပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့ က လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် NMSP နှင့် LDU တို့ ထပ်မံ၍ ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းကြောင့် NCA စာချုပ်တွင်လက်မှတ်ရေးထိုးသည့်အဖွဲ့ ၁၀ ဖွဲ့အထိ ရှိလာခဲ့ပါသည်။

## သမိုင်းမော်ကွန်းတင်နေမည့် စာချုပ်

NCA စာချုပ်သည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးထိုးခဲ့ခြင်းမဟုတ်ဘဲ တိုင်းရင်းသားအဖွဲ့အစည်းများ၏ လိုလားချက်များနှင့် အဆိုပြုချက်များအပေါ် မူတည်၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းပြီး သဘောတူရေးဆွဲကာ ပြည်ထောင်စုလွှတ်တော်တွင် ကန့်ကွက်သူမရှိ၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ထောက်ခံအတည်ပြုထားသည့် မည်သို့သောအခါမျှ ပျက်ပြယ်သွားမည့်စာချုပ်မဟုတ်ဘဲ သမိုင်းမော်ကွန်းတင်နေမည့် စာချုပ်တစ်ခုပင်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)သည် နိုင်ငံတော်နှင့် ပြည်သူလူထု၏ သဘောတူညီချက်များကို ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ခုဖြစ်ပြီး NCA စာချုပ်သည်လည်း နိုင်ငံတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ သဘောတူညီချက်များ ပါဝင်သည့် စာချုပ်တစ်ခုပင်ဖြစ်ပါသည်။

NCA သဘောတူစာချုပ် ချုပ်ဆိုနိုင်မှုသည် တည်ငြိမ်မှု၊ ပေါင်းစည်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်မှုအတွက် ယနေ့အချိန်အထိ အရေးပါနေဆဲဖြစ်ပါသည်။ ပြည်တွင်းပဋိပက္ခကို စစ်ရေးအရ မဟုတ်ဘဲ နိုင်ငံရေးဖြင့် ဖြေရှင်းသည့် နည်းလမ်းကို ဖြစ်ထွန်းစေခြင်းသည် NCA ပင် ဖြစ်ပါသည်။ NCA ကြောင့် ယခုလို တွေ့ဆုံမှုများ၊ နိုင်ငံရေးဆွေးနွေးမှုများ ပေါ်ပေါက်လာခဲ့သည့်အပြင် နိုင်ငံအတွင်း ပါဝင်ပတ်သက်သူ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်ခဲ့သည်ဟုလည်း ဆိုနိုင်ပါသည်။ NCA စာချုပ်သည် နိုင်ငံတည်ဆောက်ရေး (State Building) နှင့် တိုင်းပြည်တည်ဆောက်ရေး (Nation Building)တို့၏ အခြေခံအုတ်မြစ်တစ်ခုအဖြစ် တွေ့မြင်ရမည်ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဥပဒေပြုခွင့်အာဏာကို ပုဒ်မ (၁၈၈)နှင့် ပုဒ်မ(၁၉၆)တို့နှင့် အညီ ခွဲဝေအပ်နှင်းပေးထားသည်ကို ကြည့်ခြင်းအားဖြင့် တိုင်းရင်းသားများအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော အခွင့်အရေးများ ပေးအပ်ထားပြီးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာတွင် **“နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရ တံခါးဖွင့်ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် NCA ပါ သဘောတူညီချက်များနှင့် အညီ လက်တွဲဖြေရှင်းဆောင်ရွက်နိုင်ကြပါရန် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်း ဖိတ်ခေါ်ကြိုဆိုလျက်ရှိပါကြောင်း”** မြွက်ကြားခဲ့ပါသည်။

ထို့အပြင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျရောက်သည့် (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် **“နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ် တည်ငြိမ်မှုဖြစ်စေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဘက်မှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသား လက်နက်ကိုင်များအနေဖြင့် မိမိတို့၏ ဆန္ဒနှင့် မိမိအဖွဲ့အစည်းအကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို စိတ်ရင်းစေတနာမှန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စု ငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင်လုပ်ဆောင်ကြရန် လိုအပ်ပါသည်”**ဟု မြွက်ကြားခဲ့ပါသည်။

ထိုကဲ့သို့ နိုင်ငံတော်အကြီးအကဲ၏ မိန့်ခွန်းပြောကြားချက်များကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စိတ်ရင်းစေတနာမှန်ကန်စွာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးစားပွဲဝိုင်းတွင် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် စစ်ရေးနည်းဖြင့် ဖြေရှင်းမှုများ လျှော့နည်းနိုင်မည်ဖြစ်ပြီး နိုင်ငံရေးနည်းဖြင့် ဖြေရှင်းသည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် **ငြိမ်းချမ်းရေးသည် နိုင်ငံရေး၏ ယဉ်ကျေးမှုတစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံရေးယဉ်ကျေးမှုသည် ငြိမ်းချမ်းရေး၏ စုစည်းရာလမ်းကြောင်းပင်** ဖြစ်ပါသည်။

## သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူ

NCA စာချုပ် လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာစေရန်အတွက် နိုင်ငံတော်အစိုးရက တတ်နိုင်သမျှ ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူအားလုံးကလည်း နှိုးဆော်တိုက်တွန်းမှုများ၊ စည်းရုံးသိမ်းသွင်းမှုများကို ဝိုင်းဝန်းပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူသွားရမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရန်အတွက် ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများက အပြုသဘောဆောင်သည့် ပံ့ပိုးကူညီမှုများနှင့် ပြည်တွင်းရှိ အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုသည်လည်း များစွာအရေးကြီးလှပါသည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် မိဘပြည်သူများအား ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ပြီး ၂၀၂၂ ခုနှစ်အား ငြိမ်းချမ်းရေးနှစ်သတ်မှတ်၍ တစ်နိုင်ငံလုံး လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေရန် တိုင်းရင်းသား

*စာမျက်နှာ ၉ သို့*

## လက်ချင်းယှက်လို့ ညီညွတ်စို့

❖ အစ်ကိုနှင့်ညီ၊ တစီစီနှင့်
မကြည်ဖောက်ပြား၊ ခိုက်ရန်ပွားလျှင်
ဆွေသားမဟူ၊ သူစိမ်းလူတို့
မှတ်ယူစိတ်ထဲ၊ တို့ချင်းကွဲ..ဟု
လှိုက်လှဲ ဝမ်းမြောက်ကြပေလိမ့်...။

❖ မောင်နှင့်နှမ၊ ဘုဘောက်ကျလို့
ထိုမှရန်ပွဲ၊ ရိုက်ပုတ်ခဲလျှင်
သွေးလည်းမတော်၊ဆွေသော်မစပ်အရပ်ရပ်က
မှတ်ယူစိတ်ထား၊ တို့ချင်းခြား..ဟု
အားရနှစ်ထောင်း ဖြစ်ပေလိမ့်...။

❖ ယခင့်ယခင်၊ သမိုင်းစဉ်ဝယ်
ငြိုငြင်ခဏ၊ ရန်ဖြစ်ကြလည်း
ဘေးကရန်ရှာ၊ ကျူးကျော်လာမူ
ညီညာလက်တွဲ၊ တိုက်ထုတ်နှဲခဲ့
ရင်ထဲအနာ ဘယ်မထား...။

❖ အိမ်တွင်းတစ်မျိုး၊ ဘေးကဆိုးမို့
တိုးဝင်ကူကြ၊ မိုက်ရိုင်းကြလျှင်
အိမ်မ လှုပ်လှုပ်၊ စည်ရိုးပြုတ်လို့
ငုတ်တုတ်နေရ၊ ဘေးထွက်ရလိမ့်။

❖ သတိမလျှော့၊ ဘယ်မပေါ့နှင့်
ဦးမော့မာန်သွင်း၊ ဆုပ်လက်တင်းနှင့်
လက်ချင်းယှက်လို့ ညီညွတ်စို့...။
ပြည်ထောင်စုကို ကာကွယ်စို့...။ ။

ရန်ငြိမ်းအောင်(ပုဗ္ဗသီရိ)

[ (၁၀)နှစ်ပြည့် NCA နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုပါသည်။ ]

## ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁) ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ အနောက်တောင် မုတ်သုံလေသည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့မှ ၁၄ ရက်နေ့အတွင်း မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်နေ့မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် တစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ လေးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခွဲခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေခန့်စီနှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

*စာမျက်နှာ ၈ မှ*

လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ကိုယ်တိုင် ဖိတ်ခေါ်ကာ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိစေရန်၊ တိုင်းရင်းသား ပြည်သူအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊ ငြိမ်းချမ်းရေး၏အရသာကို ရရှိခံစားစေရန် ရည်ရွယ်ပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးနေခြင်း ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် ဆွေးနွေးဖက်အဖွဲ့ အစည်းများနှင့် အလွတ်သဘော တွေ့ဆုံမှုများ၊ တရားဝင်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ NCA လက်မှတ်ရေးထိုးပြီးနောက် NCA နှစ်ပတ်လည်နေ့များအား ဂုဏ်ယူစွာ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် NCA (၁၀)နှစ်ပြည့်အခမ်းအနားသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။

**နိုင်ငံရေးစနစ်ကောင်းတစ်ရပ် ရှင်သန်ဖွံ့ဖြိုးလာမည်**

နိုင်ငံတော်အကြီးအကဲက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တွေ့ဆုံပွဲများ၊ အစည်းအဝေးများ၊ နိုင်ငံတော်အဆင့် အခမ်းအနားများတွင် မကြာခဏဆိုသလို ထည့်သွင်းမြွက်ကြားခဲ့ပါသည်။ သမိုင်း၏ သင်ခန်းစာများအရ တိုင်းရင်းသားပြည်သူများ၏ တူညီသည့်စိတ်ထားနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာမှုပင် အရေးကြီးသကဲ့သို့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်း၍ တိုင်းရင်းသားပြည်သူအားလုံးသည် ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက်၊ အေးအတူပူအမျှ ရာသက်ပန် ပူးပေါင်းနေထိုင်ရန်အတွက်လည်း ငြိမ်းချမ်းရေးသည်မရှိမဖြစ် အရေးကြီးလှပေသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသည်သာလျှင် အရာရာကို ဖန်တီးဖြေရှင်းနိုင်မည့်၊ တိုင်းရင်းသားပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းဆောင်နိုင်မည့်အရေးကြီးသည့် လုပ်ငန်းစဉ် ဖြစ်ပါသည်။ စတင်လျှောက်လှမ်းနေသည့် ငြိမ်းချမ်းရေးလမ်းစပေါ်တွင် အပြုသဘောဖြင့် ချဉ်းကပ်ခြင်းက ငြိမ်းချမ်းရေးခရီး ပိုမိုလျင်မြန်ထိရောက်စေမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးရရှိရန်အတွက် အမှန်တကယ်လိုလားသည့်ဆန္ဒ၊ နည်းလမ်းမှန်ကန်မှု၊ ငြိမ်းချမ်းစွာ စီစဉ်ညှိနှိုင်းလိုမှု၊ စိတ်ရှည်သည်းခံမှု၊ တစိုက်မတ်မတ် ကြိုးစားအားထုတ်မှုများရှိမှသာ ငြိမ်းချမ်းရေးဆိုသည့် လိုရာခရီး လျင်မြန်စွာရောက်ရှိမည်ဖြစ်ပါသည်။ မတူကွဲပြားသည့် အမြင်သဘောထားများနှင့် ယုံကြည်ချက်များအား လေးစားခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ လူတိုင်း၏ အခြေခံအခွင့်အရေးများအား တန်ဖိုးထားခြင်း၊ ခွင့်လွှတ်နားလည် သဘောထားကြီးခြင်းစသည့် လူမှုကျင့်ဝတ်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နှလုံးသွင်းပြင်ဆင်၍ ကျင့်ကြံအားထုတ်ကြိုးပမ်းဆောင်ရွက်နိုင်ခြင်းအားဖြင့် နိုင်ငံရေးစနစ်ကောင်းတစ်ရပ် ရှင်သန်ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ထိုကဲ့သို့ နိုင်ငံရေးယဉ်ကျေးမှု ရေခံမြေခံကောင်းတစ်ရပ် ပြုစုပျိုးထောင်နိုင်ပြီး တဖြည်းဖြည်းကောင်းသည်ထက်ကောင်းအောင် ကြိုးပမ်းခြင်းဖြင့် ပြည့်စုံသည်ထက် ပြည့်စုံမှုရှိလာမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်သစ်တစ်ရပ် ပေါ်ပေါက်လာရန် မျှော်မှန်း၍ လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

ယခုအခါ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဒီမိုကရေစီနိုင်ငံရေးစနစ်ကို လျှောက်လှမ်းရာတွင် မိမိဒေသ၊ ရပ်ရွာအတွက် စိတ်ရင်းစေတနာမှန်ကန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်နိုင်ရေး ဆောင်ရွက်ပေးနိုင်မည့် တိုင်းရင်းသားများနှင့် ဒေသကိုကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်အများအပြား ရွေးကောက်ခံစင်မြင့်သို့ ရောက်ရှိလာရန်မှာ အရေးကြီးလှပါသည်။

**အောင်မြင်မှုများနှင့် သင်ခန်းစာများကို ဆန်းစစ်သုံးသပ်**

သို့ဖြစ်ရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် **“ငြိမ်းချမ်းသော မြန်မာ့အနာဂတ် တည်ဆောက်ခြင်း”** ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲအား နိုင်ငံတကာမှ ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပပညာရှင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ အစိုးရဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ မီဒီယာကိုယ်စားလှယ်များ၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ပါဝင်ဆောင်ရွက်ကြသူများ အားလုံးပါဝင်တက်ရောက်၍ **“မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသောအနာဂတ် တည်ဆောက်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ထုတ်ခြင်း”** Theme ဖြင့် **“တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ၏ ၁၀ နှစ်တာကာလအတွင်း အကောင်အထည်ဖော်နိုင်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများကို ဆန်းစစ်သုံးသပ်ရန်၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှ ရရှိခဲ့သည့် အတွေ့အကြုံများနှင့် အမြင်များကို မျှဝေနိုင်ရန် အဓိက သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား ပါဝင်သင့်ပါဝင်ထိုက်သူ အားလုံးပါဝင်သည့် ဆွေးနွေးမှုများကို တိုးမြှင့်ရန်၊ NCA ၏ ပကတိအနှစ်သာရနှင့် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ပြည်သူလူထုမှ သဘောပေါက်သိရှိနားလည်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်မည့် အခန်းကဏ္ဍများကို ဖော်ထုတ်ရန်၊ အနာဂတ် မြန်မာနိုင်ငံတော်ကို တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွေးကောက်ပွဲတို့ကို ပေါင်းစပ်ဆောင်ရွက်ရန်၊ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ဒေသန္တရအဆင့်၊ နိုင်ငံတကာအဆင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန်”** ဟူသည့် ရည်ရွယ်ချက်ကောင်းများဖြင့် အောက်တိုဘာလ ၁၅ ရက်နေ့ မွန်းလွဲပိုင်းမှ ၁၇ ရက်နေ့ထိ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် အသိဉာဏ်ပညာဖြင့် သတိတရားကို လက်ကိုင်ထား၍ NCA စာချုပ်အပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး တစ်နိုင်ငံလုံး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ခိုင်မာသည့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် အတူတကွလျှောက်လှမ်း၍ **“ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ငြိမ်းချမ်းသာယာဝပြောသော အနာဂတ်ပြည်ထောင်စုကြီးဆီသို့”** မမိုတ်မသုန် အားသွန်ခွန်စိုက် အရောက်လှမ်းကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ အားကစားကွင်း / အားကစားရုံများအားကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာနရုံးနှင့် အားကစားကွင်း/ အားကစားရုံများကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အားကစားကွင်း/ အားကစားရုံများ ယခုထက်ပိုမိုတိုးတက်ကောင်းမွန်ပြီး အစဉ်အမြဲသန့်ရှင်းသာယာလှပစေရေးအတွက် အမြဲထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း၊ ထူးချွန်ထက်မြက်သည့်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် အားကစားနှင့် ကာယပညာသိပ္ပံသင်တန်းသားများ ရရှိစေရေးအတွက် အခြေခံပညာကျောင်းများနှင့် ချိတ်ဆက်ပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် ကျောင်းသား ကျောင်းသူများကို သင်တန်းသား ရွေးချယ်မှုတွင် အထောက်အကူပြုစေမည့် အခြေခံနည်းစနစ်များနှင့် ကြံ့ခိုင်မှုများကို စီမံချက်များရေးဆွဲ၍ စနစ်တကျသင်ကြားလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အဓိကအင်အားစုဖြစ်သည့် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေရန် အထောက်အကူဖြစ်စေမည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရေးအတွက် အခြေခံကျောင်းများနှင့် ချိတ်ဆက်ပြီး အားကစားလေ့ကျင့်ခြင်း၏ အကျိုးကျေးဇူးများ၊ အသိပညာပေး ဟောပြောပွဲများ၊ သရုပ်ပြပွဲများ၊ အားကစားပြိုင်ပွဲများကို ကျင်းပပေးပြီး စည်းရုံးလှုံ့ဆော်ဆောင်ရွက်သွားရန်လိုကြောင်း၊ မန္တလေးတိုင်းဒေသကြီး အားကစား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်စေရန်အတွက် အခြေခံကျသည့် ကျောက်ဆည်ခရိုင်/ မြို့နယ်များမှ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စနစ်တကျ ရေတို/ ရေရှည် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေပြည်သာမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက ရွှေပြည်သာမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းမကြီးတစ်လျှောက် ရေးစီးရေလာ ကောင်းမွန်ရေးအတွက် မြေသားမြောင်းတူးဖော်ဆောင်ရွက်ခြင်းနှင့် အုတ်ရေမြောင်းပြုလုပ်နေသည့် အခြေအနေကိုလည်းကောင်း၊ ဓာတ်အားလိုင်းနှင့်ဓာတ်အားတိုင်များ အသစ်တည်ဆောက်ခြင်း၊ လမ်းနယ်တွင်ကျရောက်နေသောဓာတ်အားလိုင်းနှင့် ဓာတ်အားတိုင်များကို ဖယ်ရှားခြင်း၊ လမ်းမီးဓာတ်အားလိုင်းများ တည်ဆောက်ခြင်း၊ ဆက်သွယ်ရေးကြိုးများ တပ်ဆင်ခြင်းနှင့် စက်ယန္တရားများဖြင့် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ လိပ်ပုတ်ချောင်း တံတားတွင် စက်ယန္တရားများဖြင့် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲစာရင်း မှန်ကန်မှုရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းက မြေပြင်ရှိ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး စိစစ်ဆောင်ရွက်ကြရန်၊ ဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး၊ မဲစာရင်းတွင် သေဆုံးသူ၊ ဥပဒေအရ မဲစာရင်းတွင်မပါဝင်သူများ မပါရှိစေရေး အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်းက မဲစာရင်းမှန်ကန်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး တိုင်းဒေသကြီးဦးစီးမှူး ဦးမောင်မောင်သန်း၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် တက်ရောက်လာသူများက မဲစာရင်းမှန်ကန်ရေး လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ အပြန်အလှန်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။



**ဖွဲ့ထက်ကို(ပြန်/ဆက်)**




# တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာ သင်ကြားလျက်ရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် နိုင်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့အပြင် တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာ သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေး



**မူဆယ် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) အကြောင်း အသိပညာပေးရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်က မူဆယ်မြို့ ဟိုမွန်ရပ်ကွက် မောက်ကိုဆွဲ့ခန်းမ(၂)၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇာနည်မြင့်ထွန်းတို့က မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့်ပတ်သက်၍ ကိုင်တွယ်အသုံးပြုပုံနှင့် မဲဆန္ဒရှင်ပြည်သူများ ကိုယ်တိုင်စနစ်တကျ မဲပေးပုံ အဆင့်ဆင့်ကိုရှင်းလင်းခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။ ဆက်လက်၍ တက်ရောက်လာသော မဲဆန္ဒရှင်ပြည်သူများက လွှတ်တော်အသီးသီးတွင် ကိုယ်တိုင်မဲပေးခြင်းကို လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။ **ချယ်ရီမြေ(မူဆယ်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးအတွက် အထူးသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**စစ်တွေ အောက်တိုဘာ ၁၁**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးအတွက် အထူးသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ လုပ်ကွက်အမှတ်(၁) ရဲနွယ်စုရပ်ကွက် မေယုလမ်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်သားအင်အားရရှိမှုအပေါ် လမ်းအလိုက် သန့်ရှင်းသာယာလှပရေး၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကန်တော်ကြီးရပ်ကွက် ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်းမကြီးတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ မင်းဂံရပ်ကွက်ဆင်းလမ်းကို သန့်ရှင်းရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အောက်မိုးကုတ်ကျောင်းဆင်းလမ်းကို သန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ဌာနဆိုင်ရာရုံးများတွင် ဝန်ထမ်းများကလည်း မိမိတို့ရုံးဌာနအလိုက် ရုံးတွင်းရုံးပြင် သန့်ရှင်းသာယာလှပစေရေးအတွက် လမ်းဘေးဝဲယာရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊



အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီး ရေလာကောင်းမွန်စေရေး ဆောင်ရွက်ခြင်းစသည် တို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဘားအံ အောက်တိုဘာ ၁၁**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် တောင်ကလေး တိုးချဲ့မြို့ပြ အိမ်ရာစီမံကိန်း ဧရိယာအတွင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တောင်ကလေး စုပေါင်းဝန်ထမ်းအိမ်ရာ စခန်း၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုဘဏ္ဍာရန်ပုံ ငွေကျပ် သန်း ၁၁၄၄ ဒသမ ၄၀၀ ဖြင့် Aung Si Taw Co.,Ltd မှ တာဝန်ယူတည်ဆောက်သော လေးခန်းတွဲ ငါးထပ်ဝန်ထမ်းအိမ်ရာ တစ်လုံး တည်ဆောက်ရေး လုပ်ငန်းနှင့် ပြည်နယ်ခွင့်ပြုဘဏ္ဍာ ရန်ပုံငွေကျပ် သန်း ၁၁၄၄ ဒသမ ၄၀၀ ဖြင့် Maw Pha Maw Kun Co.,Ltd မှ တာဝန်ယူတည်ဆောက်သော လေးခန်းတွဲ ငါးထပ် ဝန်ထမ်းအိမ်ရာတစ်လုံး တည်ဆောက်ရေး လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်းကလေး တိုးချဲ့မြို့ပြအိမ်ရာ စီမံကိန်း အကွက်အမှတ် (၁၂) ရှိ ဘားအံမြို့နယ် သစ်တောဦးစီးဌာနပိုင် မြေနေရာ လေးဧကအတွင်း ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင် ကွန်ကရစ်ရေစင် တစ်လုံး တည်ဆောက်နေမှု၊ ပျိုးအိတ် ၅၀၀၀၀ ဆံ့ အလျား ၇၇ ပေ x အနံ ၆၈ ပေရှိအမြဲတမ်းပျိုးဥယျာဉ် လေးစင် ဆောင်ရွက်နေမှုနှင့် လာမည့် ဘဏ္ဍာနှစ်များတွင် ဆောင်ရွက်မည့် ဝန်ထမ်းအိမ်ရာ RC တစ်လုံး တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေး ပြီး တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တောင်ကလေး တိုးချဲ့မြို့ပြအိမ်ရာ စီမံကိန်းဧရိယာအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့၏ တောင်ကလေး အမှိုက်စွန့်ပစ်မြေနေရာ (မြေဧရိယာ ၂ ဒသမ ၆ ဧက)အမှိုက်ကန် ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှာကမြင် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ပထမအကြိမ် မဲစာရင်းကပ်ထား ကြေညာမှုကို အများပြည်သူလာရောက်ကြည့်ရှုနေမှု၊ မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်း တောင်းဆိုနိုင်ရေး၊ မဲစာရင်းတွင် မပါဝင်သင့်သူများ တွေ့ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်နိုင်ရေး၊ မဲစာရင်းပါအချက်အလက်များမှားယွင်းနေပါက ပုံစံ(၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းနိုင်ရေး တို့အတွက် လိုအပ်သောပုံစံများအား ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မဲစာရင်းကပ်ထားကြေညာမှုနှင့် လိုအပ်သော ပုံစံများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန လှာကမြင် အားကစားကွင်းဖွဲ့ကပင်အားကစားရုံပေ(၂၀၀ x ၁၃၀) အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အမြန်ဆုံးပြီးစီးနိုင်ရေး တွန်းအားပေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အအေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။




ကယားပြည်နယ်ကိုယ်စားပြုအဖွဲ့ အိုးစည်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်စဉ်။

ယနေ့ နံနက်ပိုင်းတွင် **စောင်းအတီးပြိုင်ပွဲကို** နေပြည်တော်ရှိ အမျိုးသားပြတိုက် Mini Theatre ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ရှုတိုင်းသာစွ(ကြိုး)” သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)” သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဆီးနှင်းပြိုက်ကြ (ကြိုး)” သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။




အခြေခံပညာ(၁၅-၂၀) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်ကိုယ်စားပြု မောင်ထက်ဦးခန့် ယှဉ်ပြိုင်စဉ်။

ထို့အတူ **ဂီတာအတီးပြိုင်ပွဲကို** အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “အိုလျှံ ညီးလင်း (ယိုးဒယား)” သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင်** တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “စံပယ်(ကာလပေါ်)” သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သီလာမြေယံ (ကြိုး)” သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “အိုလျှံညီးလင်း (ယိုးဒယား)” သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့် ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဂုဏ်မြင့်သူ(ကာလပေါ်) (ပြည်လှဖေ)” သီချင်းဖြင့် လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဂုဏ်မြင့်သူ(ကာလပေါ်) (ပြည်လှဖေ)” သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။




အခြေခံပညာ (၁၅-၂၀) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု မရှင်းသဒ္ဒါအောင် ယှဉ်ပြိုင်စဉ်။

အလားတူ **စန္ဒရားအတီးပြိုင်ပွဲကို** သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ချောကလျာ(ကာလပေါ်)”** သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့် ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“မနက်ဖြန် (သို့မဟုတ်) ဘယ်သောအခါ (ကာလပေါ်)”** သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **“ချောကလျာ (ကာလပေါ်)”** သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့ပြင် **အိုးစည်အတီးပြိုင်ပွဲကို** ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ကောင်းမြတ်နှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်စိုင်းထက်နိုင်နှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်နိုင်းနိုင်အောင်နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ဇော်နှင့် အဖွဲ့တို့ကလည်းကောင်း၊ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ အတွင်း)** အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်ဖြိုးဇော်ဟိန်းနှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မောင်ရဲလင်းဦးနှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မောင်ထက်အာကာနှင့်အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ မောင်မင်းမြတ်စိုးနှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်ခင်မောင်လတ်နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ခန့်ဇေယျာမင်းနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆိုင်းမင်းထက်(ခ) မြတ်သူအောင်နှင့်အဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မောင်ဇင်ကိုနိုင်နှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်ဖြိုးသူရနှင့် အဖွဲ့တို့ကလည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် **ဒိုးပတ်အတီးပြိုင်ပွဲကို** ဆက်လက်ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးမှ မောင်ဇင်ကိုနိုင်နှင့်အဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှမောင်ဖြိုးဇော်ဟိန်းနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ

*စာမျက်နှာ ၁၃ သို့*




အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးကိုယ်စားပြု ယှဉ်ပြိုင်စဉ်။




အမျိုးသမီး မယ်ဒလင်အတီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးကိုယ်စားပြု ယှဉ်ပြိုင်စဉ်။

*စာမျက်နှာ ၁၂ မှ*

မောင်ဖြိုးသူရနှင့်အဖွဲ့၊ ရှမ်းပြည်နယ်မှ မောင်ရဲလင်းဦးနှင့်အဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်ဝေလွင်ဖြိုးနှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မောင်ထက်အာကာနှင့်အဖွဲ့၊ ရောဝတီတိုင်းဒေသကြီးမှ မောင်ထက်မိုးအောင်နှင့်အဖွဲ့၊ ကယားပြည်နယ်မှ မောင်ခင်မောင်လတ်နှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ မောင်ခန့်ဇေယျာမင်းနှင့်အဖွဲ့တို့က လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ကောင်းမြတ်နှင့် အဖွဲ့၊ ရောဝတီတိုင်းဒေသကြီးမှ မောင်ဇင်မင်းထွန်းနှင့်အဖွဲ့၊ မန္တလေး တိုင်းဒေသကြီးမှ မောင်လွင်ဖြိုးသင်းနှင့် အဖွဲ့တို့က လည်းကောင်း တီးလုံးတီးကွက်များ၊ အဆိုအပြောများဖြင့် မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့အတူ **မယ်ဒလင် အတီးပြိုင်ပွဲကို** ပုဗ္ဗသီရိခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဘာဂီရိ (ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဘာဂီရိ (ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ရောဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပွင့်ဦး (ကာလပေါ်)" သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** ကယားပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့် (ကြိုး)" သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်(ကြိုး)" သီချင်းဖြင့် လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ (ဘွဲ့)"သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။



အမျိုးသား အိုးစည်ပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့ ယှဉ်ပြိုင်စဉ်။

ယနေ့ ပြိုင်ပွဲပဉ္စမနေ့တွင် သတ်မှတ်နေရာများ၌ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တပ်မိသားစုဝင်များ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ လာရောက် ကြည့်ရှုအားပေးကြသည်။

(၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲယှဉ်ပြိုင်မှုများ ယနေ့အောင်မြင်စွာ ကျင်းပပြီးစီးပြီဖြစ်သည့်အတွက် ပြိုင်ပွဲဝင် ဆုရရှိသူများအား ဆုချီးမြှင့်မည့် အခမ်းအနား၊ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတို့ကို အောက်တိုဘာ ၁၃ ရက်တွင် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်




အမျိုးသား ဒိုးပတ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့ ယှဉ်ပြိုင်စဉ်။

PDF Game

**ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## အစ္စရေးနှင့်ဟားမားစ်တို့ကြား အပစ်အခတ်ရပ်စဲပြီးနောက် ပါလက်စတိုင်းတို့ နေရပ်ပြန်

**ဂါဇာ အောက်တိုဘာ ၁၁**

အစ္စရေးနှင့်ဟားမားစ်တို့ကြား အပစ်အခတ်ရပ်စဲရေး အသက်ဝင်လာပြီးနောက် ဂါဇာမြို့နှင့်အနီးအနား ဒေသမှ ပါလက်စတိုင်းများ နေရပ်ပြန်လာကြသည်။ ၎င်းတို့သည် အတင်းအကျပ်ဖိအားပေး ရွှေ့ပြောင်းခံထားရသည့် ဂါဇာတောင်ပိုင်းမှ ၎င်းတို့၏နေရပ်သို့ ပြန်လာခဲ့ကြခြင်းဖြစ်သည်။

ဒေသခံများသည် ၎င်းတို့ပိုင်ဆိုင်သည့် ပစ္စည်းများကိုတင်ဆောင်ကာ ကားများဖြင့်မြောက်ပိုင်းကို ဦးတည်ပြန်လာခဲ့ကြသည်။ အချို့သောသူများမှာမူ ခြေကျင်ပြန်လာကြသည်။

ဒေသခံတစ်ဦးက ၎င်း၏ခံစားချက်များမှာ ရောထွေးနေကြောင်း၊ နေရပ်ပြန်လာရသည်မှာ ကောင်းသော်လည်း အပျက်အစီးများနှင့် ပြည့်နေကြောင်း ပြောသည်။

အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်ရန် အမေရိကန်မှ အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ထားကြောင်း အစိုးရအဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

အမေရိကန် ဗဟိုကွပ်ကဲရေးဌာနမှ တပ်ဖွဲ့ဝင် ၂၀၀ သည် ပူးတွဲလုပ်ငန်းအဖွဲ့တွင် ပါဝင်မည်ဖြစ်သည်ဟု အဆိုပါအရာရှိက ဆက်ပြောသည်။ ၎င်းတို့သည် တူကီယဲ၊ အီဂျစ်နှင့်ကာတာနိုင်ငံတို့နှင့်အတူ စောင့်ကြည့်ရေးပြုလုပ်သွားမည်ဖြစ်သည်။

သို့သော်လည်း ၎င်းတို့ကိုဂါဇာသို့စေလွှတ်မည် မဟုတ်ဟု အဆိုပါအရာရှိက ဆက်လက်ပြောကြားခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀ ခန့်သည် အစ္စရေးမှနေ၍ အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်မည်ဟု အိမ်ဖြူတော် သတင်းထုတ်ပြန်ရေး အကြီးအကဲဖြစ်သူ ကယ်ရိုလိုင်းလက်ဗစ်က ပြောသည်။

**အင်န်အိတ်ချ်ကေ**





## မက္ကဆီကို အကြီးစားယာဉ်ကြီးများအတွက် အခွန်လျှော့ပေါ့ပေးရန် အမေရိကန် စဉ်းစားနေ

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၁၁**

မကြာသေးမီက ကြေညာထားသော မက္ကဆီကို အကြီးစားနှင့် အလတ်စားယာဉ်များအပေါ် အခွန် ၂၅ ရာခိုင်နှုန်းကောက်ခံမှုကို လျှော့ပေါ့ပေးရန် အမေရိကန်က စဉ်းစားနေသည်ဟု မက္ကဆီကိုစီးပွားရေးဝန်ကြီး မာဆယ်လိုအဲဘတ်က အောက်တိုဘာ ၁၀ ရက်တွင် ပြောသည်။

အဆိုပါလုပ်ငန်းစဉ်သည် အပေါ့စားယာဉ်များအတွက် ပြုလုပ်သည့်လုပ်ငန်းစဉ်နှင့် ဆင်တူမည်ဖြစ်ပြီး မက္ကဆီကိုအတွက် အကျိုးဖြစ်ထွန်းစေမည်ဟု ၎င်းက ဆက်ပြောသည်။

အခွန်စည်းကြပ်မှု လျှော့ပေါ့သည့်လုပ်ငန်းစဉ်များ ရှိလာမည်ဟု အမေရိကန်က ပြောထားကြောင်း မက္ကဆီကို၌ လုပ်ကိုင်နေသည့်ကုမ္ပဏီတွင် များစွာအကျိုးဖြစ်ထွန်းမည်ဟု ၎င်းက ဆက်ပြောသည်။

နိုဝင်ဘာ ၁ ရက်မှစ၍ အမေရိကန်သို့တင်သွင်းသည့် အကြီးစားနှင့် အလတ်စားမော်တော်ယာဉ်များအပေါ် အခွန်စည်းကြပ်မှု ၂၅ ရာခိုင်နှုန်း ပြုလုပ်မည်ဟု အမေရိကန်သမ္မတ ထရမ့်က ယခုသီတင်းပတ်အစောပိုင်းတွင် ကြေညာခဲ့သည်။ ဧပြီလအတွင်းမှစတင်ကာ အသေးစားယာဉ်များကိုလည်း အလားတူ အခွန်စည်းကြပ်မှုပြုလုပ်ခဲ့သည်။ **ဆင်ဟွာ**

## ဥဇဘက်ကစ္စတန်နိုင်ငံ၏ ကြက်သားတင်သွင်းမှု ပထမရှစ်လအတွင်း ၁၄ ဒသမ ၂ ရာခိုင်နှုန်းတိုးလာ

**တာ့ရှ်ကင့် အောက်တိုဘာ ၁၁**

၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ဥဇဘက်ကစ္စတန်နိုင်ငံ၏ ကြက်သားတင်သွင်းမှုမှာ ယမန်နှစ်ကထက် ၁၄ ဒသမ ၂ ရာခိုင်နှုန်းတိုးလာကြောင်း အမျိုးသား စာရင်းအင်းကော်မတီက အောက်တိုဘာ ၁၀ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

အမျိုးသား စာရင်းအင်းကော်မတီ၏ ပဏာမအချက်အလက်များအရ ဥဇဘက်ကစ္စတန်နိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း နိုင်ငံပေါင်း ၁၆ နိုင်ငံမှ အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၁ သန်းတန်ဖိုးရှိ ကြက်သားတန်ချိန် ၅၄၆၀၀ ကို တင်သွင်းနိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ အသားတင်သွင်းမှု ပမာဏမှာ ယမန်နှစ်ကနှင့် နှိုင်းယှဉ်ကြည့်ပါက တန်ချိန် ၆၈၀၀ သို့မဟုတ် ၁၄ ဒသမ ၂ ရာခိုင်နှုန်း တိုးလာကြောင်း ကော်မတီက မှတ်ချက်ပြုထားသည်။

ဥဇဘက်ကစ္စတန် နိုင်ငံ၏ ၂၀၂၅ ခုနှစ် ပထမရှစ်လအတွင်း နိုင်ငံခြားကုန်သွယ်မှု ပမာဏမှာ ၅၁ ဒသမ ၄ ဘီလီယံဒေါ်လာရှိသဖြင့် ယမန်နှစ်ကထက် ၁၉ ဒသမ ၈ ရာခိုင်နှုန်းတိုးလာကြောင်း ကော်မတီက ပြောကြားသည်။

**ဆင်ဟွာ**



## အာဖဂန်ရဲတပ်ဖွဲ့က မူးယစ်ဆေးဝါး မှောင်ခိုကူးသူ ၁၄ ဦးကို ဖမ်းဆီး

**ကဘူးလ် အောက်တိုဘာ ၁၁**

အာဖဂန်နစ္စတန်နိုင်ငံ၏ မူးယစ်နှိမ်နင်းရေးရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးမှောင်ခိုကူးခြင်းနှင့် ရောင်းချခြင်းတို့တွင် ပါဝင်ပတ်သက်မှုစွဲချက်ဖြင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၁၄ ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၁ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

၎င်းတို့ကို ပါဝမ်၊ တက်ခ်ဟာ၊ ခွန်ဒပ်ဇ်၊ ပါခ်တီယာ၊ လက်ဂျ်မန်း၊ ခါပီဆာနှင့် ဒေးကွန်ဒီပြည်နယ်တို့မှ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်ကို ဝန်ကြီးဌာန၏ X အကောင့်တွင် ဖော်ပြထားသည်။

ရဲတပ်ဖွဲ့က ဖမ်းဆီးခံရသူများ၏ လက်ဝယ်မှ ဘိန်း ၆၇ ကီလိုဂရမ်နှင့် ဆေးခြောက်ခုနစ်ကီလိုဂရမ် အပါအဝင် တရားမဝင်မူးယစ်ဆေးဝါးအမျိုးမျိုး ၁၀၀ ကီလိုဂရမ်ခန့်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံ၌ နေအိမ်မီးလောင်မှုဖြစ်ပွား ငါးဦးသေဆုံး

**ဟန်နွိုင်း အောက်တိုဘာ ၁၁**

ဗီယက်နမ်နိုင်ငံ မြို့တော်ဟန်နွိုင်း၌ အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားသဖြင့် အသက်ခြောက်နှစ်အောက် ကလေးတစ်ဦးအပါအဝင် မိသားစုဝင် ငါးဦးသေဆုံးကြောင်း ပြည်တွင်းမီဒီယာ ဗွီအင်န်အိစ်ပရက်စ် က ထုတ်ပြန်ထားသည်။

အထပ်တစ်ခုစီတွင် ၃၀ စတုရန်းမီတာခန့်ရှိသည့် အမိုးအောက်ထပ်ခိုးတစ်ခုရှိသော လေးထပ်အိမ်တစ်လုံး၌ နံနက် ၅ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားချိန်တွင် နေအိမ်အတွင်း၌ လူလတ်ပိုင်း အရွယ်စုံတွဲတစ်တွဲ၊ ၎င်းတို့၏ သား၊ ချွေးမနှင့် ခြောက်နှစ်အရွယ် မြေးတစ်ဦးတို့ရှိကြောင်း သိရသည်။

နေအိမ်မှာ အပေါ်ထပ်မှ အောက်ထပ်အထိ သံတုံးများဖြင့် အလုံပိတ်ထားသဖြင့် ၎င်းတို့မှာ အတွင်းမှ ထွက်ပြေးလွတ်မြောက်နိုင်ခြင်းမရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**



# ဒုတိယဝန်ကြီး ဦးအေးထွန်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၁၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက တန့်ယန်းမြို့ရှိ မဟာမုနိဘုရားကြီးကျောင်း ဓမ္မာရုံ၌ မြို့နယ်သြဝါဒါစရိယ ဆရာတော်များအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ အလှူတော်ငွေများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တန့်ယန်းမြို့ ရွှေမောင်းသာသနဝေပုလ္လ သီလရှင်သင်ပညာရေးကျောင်းတိုက်သို့ သွားရောက်၍ သီလရှင်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက သီလရှင်ဆရာကြီး ဒေါ်ဥပလထေရီအား လှူဖွယ်ဝတ္ထုပစ္စည်းများ၊ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျောင်းတိုက်ရှိ ကျောင်းတက်ရောက်နေကြသည့် သီလရှင်ဆရာလေးများအား တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးမြို့သို့ ရောက်ရှိပြီး သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၏ဦးစီးပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တပုညနန္ဒအား ဖူးမြော်ကြည်ညိုကာ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်း၍ ပြည်ထောင်စုဝန်ကြီးကိုယ်စား သီရိလင်္ကာနိုင်ငံမှ မြတ်ဗုဒ္ဓ၏ စွယ်တော်ပွား တစ်ဆူကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်သာသနာရေးမှူးရုံးခွဲ(လားရှိုး)သို့ ရောက်ရှိပြီး ရုံးအဆောက်အအုံအခြေအနေကိုလည်းကောင်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ မြို့နယ် သာသနာရေးမှူးရုံးနှင့် ဝန်ထမ်းအိမ်ရာ အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သာသနာရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့နံနက်ပိုင်းက လားရှိုးမြို့ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်သို့ ရောက်ရှိ ဖူးမြော်ကြည်ညိုကာ စေတီတော်ဂေါပကအဖွဲ့ထံ အလှူတော်ငွေများပေးအပ်လှူဒါန်းပြီး ဂေါပကအဖွဲ့တာဝန်ရှိသူများက စေတီတော်ပရိဝုဏ်အတွင်း၌ အသစ်တည်ထားကိုးကွယ်သည့် မဟာဗောဓိစေတီတော် တည်ထားမှုနှင့် မဟာဗောဓိပင်စိုက်ပျိုးမည့်မြေနေရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ရှိ ဆင်းရွှေလီသာသနာ့ဗိမာန်တော်ကြီး၌ စေတီတော်သြဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ၊ အလှူတော်ငွေများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများနှင့် ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ သာသနိကအဆောက်အအုံများ၊ ပြည်သူ့ဆေးရုံများ၊ ဘိုးဘွားရိပ်သာများနှင့် သတ်မှတ်နေရာအသီးသီး၌ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





လယ်ဝေးမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းများ အောင်မြင်စွာကျင်းပနိုင်ရေး မဲဆန္ဒရှင်အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူပွဲကို အောက်တိုဘာ ၉ ရက်က အမှတ်(၇) ရပ်ကွက် မီးပွိုင့်အနီး၌ကျင်းပရာ “နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲပေးစို့” အသိပညာပေးဆိုင်းဘုတ်ကို နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ လယ်ဝေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူရနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ မြို့နယ် (ပြန်/ဆက်)



# မောက်မယ်မြို့နယ်၌ မူခင်းကျဆင်းရေးနှင့် သတင်းတုသတင်းမှား အသိပညာပေးဟောပြော

**မောက်မယ် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် မွေတော်ရပ်ကွက်ရှိ တောင်ကျောင်းတော်ဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့က မှုခင်းကျဆင်းရေးနှင့် သတင်းတုသတင်းမှား အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇော်နှင့် မြို့မစခန်းမှူး ဒုတိယရဲမှူးမြင့်မောင်တို့က ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ မြို့တွင်းလုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ကွက်အတွင်း အေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများ၊ မှုခင်းကျဆင်းရေးနှင့် သတင်းတုသတင်းမှား အသိပညာပေးဟောပြောပွဲကို ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများကသိရှိလိုသည်များမေးမြန်းရာ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့မစခန်းမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု စစ်ဆေးခြင်းကို အောက်တိုဘာ ၁၁ ရက်က ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လျှပ်စစ်၊ စည်ပင်သာယာရေး အဖွဲ့တို့ပူးပေါင်း၍ ဈေးအတွင်းဆိုင်ခန်းများ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းကိရိယာများ ပြည့်စုံလုံလောက်စွာထားရှိစေရေးနှင့် မီးသတ်စက်၊ ရေငုပ်များအသင့်ဖြစ်စေရေးနှင့် မီးဖိုမီး၊ လျှပ်စစ်မီးများသုံးစွဲမှုမရှိစေရန် စစ်ဆေးဆောင်ရွက်စဉ်။

ကိုဇော်(ပြန်/ဆက်)



**ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

## အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၁၀)နှင့် မွန်ရိုးရာလက်ရက်ကန်း သင်တန်းဆင်းပွဲကျင်းပ

**မုဒုံ အောက်တိုဘာ ၁၁**

အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ
သင်တန်းကျောင်း (မုဒုံ)တွင် အဆင့်မြင့်
အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ် (၁၀)
နှင့် မွန်ရိုးရာလက်ရက်ကန်းသင်တန်း အမှတ်
စဉ် (၂၆) သင်တန်းဆင်းပွဲကို ယမန်နေ့က
သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ထူးချွန်ဆုနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြ၍ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့က သင်တန်းသူများ ချုပ်လုပ်ထားသည့် လက်ရာများကို ကြည့်ရှုအားပေးခဲ့သည်။

**ရာမည(ပြန်/ဆက်)**

## ကဝမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

**ကဝ အောက်တိုဘာ ၁၁**

ကဝမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) ပညာရှင်များက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးခဲ့သည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**



## ဒေးဒရဲမြို့နယ် တညင်ကုန်းကျေးရွာ၌ ကော်ဖီပျိုးပင်စိုက်ပျိုးပွဲ ကျင်းပ

**ဒေးဒရဲ အောက်တိုဘာ ၁၁**

ဒေးဒရဲမြို့နယ် တညင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းတွင် ၂၀၂၅ ခုနှစ် ကော်ဖီပျိုးပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကျင်းပသည်။



ဦးစွာ မြို့နယ်စိုက်တိုးမြင့်ကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်က ကော်ဖီစိုက် တောင်သူများအနေဖြင့် ကော်ဖီပင်များအား နှစ်ရှည်ပင်အောက် နေရာလွတ်များတွင် စိုက်ပျိုးနိုင်သည့်အတွက် မိသားစု အပိုဝင်ငွေရရှိနိုင်မည့် ကော်ဖီပင်များအား ပိုမိုစိုက်ပျိုးကြရန် အသိပညာပေးပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်စိုက်တိုးမြင့်ကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများက ကော်ဖီပျိုးပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဒေးဒရဲမြို့တွင် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ကော်ဖီစိုက်ပျိုးဧက ၂၅ ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။

**အေဇာလင်း**

## ပုလောမြို့နယ်၌ ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချ

**ပုလော အောက်တိုဘာ ၁၁**

ပုလောမြို့နယ် မြေဩဇာဖြန့်ဖြူးရေးကော်မတီက ဦးဆောင်၍ မိုးစပါးစိုက်ပျိုးတောင်သူများအား (စတုတ္ထအကြိမ်) ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချခြင်း အခမ်းအနားကို အောက်တိုဘာ ၉ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသော်ဇင်ထွန်းက ပုလောမြို့နယ်အတွင်းရှိ မိုးစပါးနှင့် ဆောင်းသီးနှံ (မတ်ပဲ၊ နေကြာ၊ အစေ့ထုတ်ပြောင်း) စိုက်တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ တာဝန်ရှိသူများက ယူရီးယားဓာတ်မြေဩဇာအိတ် ၁၀၀ ကို ပုလောမြို့နယ်ရှိ မိုးစပါးစိုက်ပျိုးတောင်သူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အေးအေးမော်(ပုလော)**

## မိုင်းဆတ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**မိုင်းဆတ် အောက်တိုဘာ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(မိုင်းဆတ်)၏ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၈)သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၀ ရက်က အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီထွေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (မိုင်းဆတ်) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်ထွေးက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ မိုင်းဆတ်ခရိုင်အတွင်းမှ သင်တန်းသူ ၃၀ တက်ရောက်ပြီး ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**



## ကျွန်းစုမြို့၌ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပ



**ကျွန်းစု အောက်တိုဘာ ၁၁**

ကျွန်းစုမြို့၌ မြို့နယ်ပညာရေးမှူးရုံး၏ ကြီးကြပ်မှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည် ပြိုင်ပွဲကို အောက်တိုဘာ ၁၀ ရက်က ကျွန်းစုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အခြေခံပညာအလယ်တန်းအဆင့် အင်္ဂလိပ်စာစွမ်းရည်ဖြေဆိုသူ ၄၂ ဦး၊ သင်္ချာစွမ်းရည်ဖြေဆိုသူ ၄၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး ဆုရရှိသူများအား မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်၌ ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

**ထက်မြင့်(ကျွန်းစု)**

## ဖြူးမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအား မြေပဲမျိုးနှင့် သွင်းအားစုများပေးအပ်

**ဖြူး အောက်တိုဘာ ၁၁**

ဖြူးမြို့နယ် သမဝါယမဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆောင်းဆီထွက်သီးနှံ မြေပဲ ပန်းတိုင်အထွက်နှုန်း ရရှိစေရေးအတွက် မြေပဲမျိုးနှင့် သွင်းအားစုများ ပေးအပ်ပွဲကို အောက်တိုဘာ ၁၀ ရက်က လူငယ့်အားမာန် စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံ သမဝါယမအသင်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အဆိုပါ ပေးအပ်ပွဲတွင် မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ဌေးဌေးမြင့်က သွင်းအားစုများ ပေးအပ်ရခြင်း ဆောင်းဆီထွက် သီးနှံမြေပဲမျိုးနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်အောင်နှင့် မြို့နယ်စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့ဝင်များက သမဝါယမအသင်းခြောက်သင်းမှ အသင်းသားတောင်သူ ၂၄ ဦး၏ မြေပဲစိုက်ဧက ၇၀၀ အတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှင့် ညီမျှသော မြေပဲမျိုးနှင့် သွင်းအားစုများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

မောက်မယ်မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များတွင် အောက်တိုဘာ ၁၀ ရက်က မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့် ကလေးကျန်းမာရေးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ အသက်(၅)နှစ်အောက် ကလေးငယ်များအား ဗီတာမင်အေနှင့် သံချဆေး တိုက်ကျွေးခြင်းများ ဆောင်ရွက်စဉ်။ စိုင်းမျိုးသန့်(မောက်မယ်)



## ဆီဆိုင်မြို့နယ်၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ဆီဆိုင် အောက်တိုဘာ ၁၁**

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ဆိုက်ခေါင်)တွင် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က ဆီဆိုင်မြို့နယ် ဆိုက်ခေါင်စံပြကျေးရွာရှိ အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။




အခမ်းအနားတွင် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ဆိုက်ခေါင်) ကျောင်းအုပ် ဒေါ်ခင်စန်းဝင်းက သင်တန်းဖွင့်လှစ်ခဲ့မှု မှတ်တမ်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ထူးချွန်ဆုရရှိသည့် သင်တန်းသူတစ်ဦးကို သင်တန်းထူးချွန်ဆုနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက သင်တန်းသူများကို သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က သင်တန်းကျောင်းမှ ခင်းကျင်းပြသထားသည့် သင်တန်းသူများ၏ ခေတ်မီဒီဇိုင်းလက်ရာများကို ကြည့်ရှုသည်။ အဆိုပါသင်တန်းတွင် သင်တန်းသူ ၃၀ တက်ရောက်ကာ သင်တန်းကာလမှာ မေ ၁၂ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ စာတွေ့လက်တွေ့ အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ်၌ ကော်ဖီပျိုးပင်များနှင့် စပါးမျိုးစေ့ချကိရိယာများ ပေးအပ်

**ကျိုက်လတ် အောက်တိုဘာ ၁၁**

ကျိုက်လတ်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီမှ ၂၀၂၅-၂၀၂၆ ခုနှစ် ကော်ဖီပျိုးပင်များ ပေးအပ်ပွဲနှင့် စပါးမျိုးစေ့ချကိရိယာများ ပေးအပ်ပွဲကို အောက်တိုဘာ ၉ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်က ကော်ဖီပင် စိုက်ပျိုးခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ပြောကြားပြီး ကော်ဖီစိုက်ပျိုးမည့် ဌာနဆိုင်ရာများနှင့် တောင်သူများထံသို့ ကော်ဖီပျိုးပင် ၄၅၉ ပင်ကို ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တက်ရောက်လာသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ စပါးမျိုးစေ့ချကိရိယာများ ပေးအပ်ခဲ့သည်။

**ကျိုက်လတ်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ ဂဟေဆက်သင်တန်းဖွင့်

**ထန်းတပင် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်း၊ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်များကို ဆန်းစစ်ခြင်း အစီအစဉ်နှင့် ဂဟေဆက်သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက်က ထန်းတပင်မြို့နယ် သလိပ်ကျေးရွာ၌ ကျင်းပသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းရင်းသားလူငယ်လူရွယ်များအတွက် ဂဟေဆက်လုပ်ငန်းနှင့် ပတ်သက်သည့် သဘောတရားများကို သိရှိနားလည်စေရန်နှင့် မိမိတို့တတ်မြောက်ထားသော ပညာမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲနှင့် သင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ပြီး ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

## မြဝတီမြို့၌ မီးခိုးမြူငွေ့အန္တရာယ် စုပေါင်းကာကွယ် အသိပညာပေးဆွေးနွေး

**မြဝတီ အောက်တိုဘာ ၁၁**

မြဝတီမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယမန်နေ့က မီးခိုးမြူငွေ့အန္တရာယ် စုပေါင်းကာကွယ် အသိပညာပေး ဆွေးနွေးသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြဝတီမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်ဇင်မာဖြိုးတို့က မျက်စိဖြင့်မမြင်ရသော လေထုညစ်ညမ်းမှုအန္တရာယ်မှ ကင်းဝေးစေရန်နှင့် ကျန်းမာသန့်ရှင်းပြီး ဘေးကင်းလုံခြုံသော လူနေမှုပတ်ဝန်းကျင်ဖန်တီးပေးနိုင်ရေးဆိုင်ရာ အချက်များအားလည်းကောင်း၊ မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများ၊ မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဆွေးနွေးခဲ့ကြသည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



## ငဖဲမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်

**ငဖဲ အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ယမန်နေ့က မြို့ပေါ်ရပ်ကွက်များ၌ လှည့်လည်အသိပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းဦးက ဦးဆောင်ကြီးကြပ်၍ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန် ရှောင်ရန်အချက်များကိုသိရှိစေရန် မြို့မရပ်ကွက်နှင့် ကျောင်းတွင်းရပ်ကွက်များအတွင်း လှည့်လည်၍ အသိပညာပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## အိမ်မဲမြို့၌ ကော်ဖီပျိုးပင်စိုက်ပျိုးပွဲ ကျင်းပ

**အိမ်မဲ အောက်တိုဘာ ၁၁**

အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စုရှိ ကျွန်းပင်များ စိုက်ပျိုးထားသော ကျွန်းတော၌ မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနမှ ဦးဆောင်ကျင်းပသော ကော်ဖီပျိုးပင်များ ပေးအပ်ပြီး ကော်ဖီစိုက်ပျိုးပွဲကို အောက်တိုဘာ ၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဗိုလ်မှူးအောင်သွင်စိုးနှင့် ကော်မတီဝင်များက ကော်ဖီပျိုးပင် ၄၃၅ ပင်ကို တာဝန်ရှိသူများနှင့် ဒေသခံများအား ပေးအပ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ကော်ဖီပျိုးပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ချစ်သက်လယ်(ပြန်/ဆက်)**



မြစ်သားမြို့နယ်တွင် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမများက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှု မရှိစေရန်အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းတို့ကို ရွှေသူဌေးရပ်ကွက်၌ အောက်တိုဘာ ၁၀ ရက်က ဆောင်ရွက်ပေးစဉ်။

ဝါဝါမြင့်(မြစ်သား)



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဘားအံမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ဖာပွန်မြို့နယ်နှင့် မြဝတီမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဘားအံမြို့ အမှတ်(၁) ရပ်ကွက်တွင် ကော့ကရိတ်မြို့နယ်၊ ဖာပွန်မြို့နယ်၊ မြဝတီမြို့နယ်တို့မှ ရောက်ရှိနေသော ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်များကို အောက်တိုဘာ ၈ ရက်က နေ့ချင်းပြီး ဆောင်ရွက်ပေးစဉ်။

ခရိုင်(ပြန်/ဆက်)

ဝိုင်းဝန်း ကာကွယ် မီးဘေး အန္တရာယ်

## မိုင်းဖြတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေး



**မိုင်းဖြတ် အောက်တိုဘာ ၁၁**

မိုင်းဖြတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တွေ့ဆုံပွဲကို အောက်တိုဘာ ၈ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့အဖွဲ့ဝင် ဦးမြင့်ဦးက မကြာမီကျင်းပတော့မည့် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပမည့် အခြေအနေများ၊ ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာများ၊ မဲဆန္ဒရှင်စာရင်းကို ပထမအကြိမ် ကြေညာထားသည့် အခြေအနေများ၊မဲဆန္ဒနယ်မြေများ သတ်မှတ်ချက်များ၊ မဲပေးစက်များကို မြို့နယ်အလိုက် စနစ်တကျ အသုံးပြုသွားမည့်အခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးမျိုးမောင်က တွေ့ဆုံပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများကို ပြောကြားသည်။ ယင်းနောက် ရှမ်းပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မင်းဝင်းက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## တိုက်ကြီးမြို့နယ်၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းနှင့် အသားတိုးဝက်မွေးမြူရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**တိုက်ကြီး အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက VDP စီမံကိန်းဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေနှင့် RBF စီမံကိန်းဖြင့် အောင်မြင်အဖွဲ့မှ CP အသားတိုးဝက်မွေးမြူရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းနေမှုကို အောက်တိုဘာ ၉ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးအောင်နှင့်အဖွဲ့သည် အိုင်ကလောင်ကျေးရွာ၌ VDP စီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာနှင့် CP အသားတိုးဝက် မွေးမြူရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆိတ်သာကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)



## ကျွန်းလှမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ကျွန်းလှ အောက်တိုဘာ ၁၁**

ကျွန်းလှမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို အောက်တိုဘာ ၉ ရက်က လယ်လှကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ကျွန်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်က အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ရွေးကောက်ပွဲအရာရှိ ဦးရဲမင်းသော်က မဲပေးစက်ဆိုင်ရာများကို ရှင်းလင်း၍ တက်ရောက်လာကြသူများက လက်တွေ့စမ်းသပ်မဲပေးကြသည်။

ဆက်လက်၍ အင်းကောင်းကျေးရွာအုပ်စု၊ မန်ကျည်းအင်းကျေးရွာအုပ်စုတို့တွင် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

## မြို့နယ်အချို့၌ မဲဆန္ဒရှင်အမည်စာရင်းများ ကြေညာထားရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှု



### တွံတေး

တွံတေးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် မဲစာရင်းများကို ပထမအကြိမ်ကပ်ထားကြေညာထားရာ အောက်တိုဘာ ၉ ရက်က ရပ်ကွက်၊ ကျေးရွာများ၌ မဲဆန္ဒရှင် ပြည်သူများက မဲစာရင်းများ လာရောက်ကြည့်ရှုခဲ့သည်။

အဆိုပါ မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ကပ်ထားကြေညာမည်ဖြစ်ပြီး မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းလာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် လျှောက်ထားခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်သောပုံစံများကို ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

### ရန်ကင်း

ရန်ကင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား မဲပေးပိုင်ခွင့်ရှိသူမဲစာရင်းများကို ရပ်ကွက်များအလိုက် ကပ်ထားကြေညာထားရာ ပြည်သူများက မိမိတို့၏အမည်ပါ မပါ လာရောက်ကြည့်ရှုခဲ့သည်။

အဆိုပါ မဲစာရင်းကပ်ထားကြေညာထားရှိမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုသည်။

ထိုသို့မဲစာရင်းများကပ်ထားကြေညာခြင်းကို ရန်ကင်းမြို့နယ်၌ ရပ်ကွက်ပေါင်း ၁၅ ရပ်ကွက်ရှိ သတ်မှတ်နေရာများတွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ကြေညာထားရှိမည်ဖြစ်သည်။

လှလှထွေး(ပြန်/ဆက်)





### ကော့မှူး

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံအလိုက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို ကော့မှူးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာထားရာ အောက်တိုဘာ ၉ ရက်က ပြည်သူများ လာရောက်ကြည့်ရှုကြသည်။

မဲစာရင်းကြေညာထားခြင်းကို ကော့မှူးမြို့နယ်အတွင်းရှိ ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၅ အုပ်စုတို့ရှိ အုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာထားသည်။

ကျော်သူရ(ကော့မှူး)



### ဝါးခယ်မ

ဝါးခယ်မမြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်စေရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် မဲစာရင်းများကို ပထမအကြိမ်အဖြစ် စက်တင်ဘာ ၃၀ ရက် နံနက်မှစ၍ အောက်တိုဘာ ၁၃ ရက်အထိ ကပ်ထားကြေညာထားရာ အောက်တိုဘာ ၉ ရက်က မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုကြသည်။

ဝါးခယ်မမြို့နယ်အတွင်း မဲစာရင်းအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၁၇၁၈၉၄ ဦးရှိကြောင်းနှင့် မဲရုံပေါင်း ၂၃၁ ရုံဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ပြုလုပ်သွားမည်ဖြစ်သည်။

လွှမ်းသီဟ(ပြန်/ဆက်)

### တောင်ငူ

တောင်ငူမြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစတင်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများ၌ ကြေညာထားရာ အောက်တိုဘာ ၉ ရက်က ရပ်ကွက်နေပြည်သူများ လာရောက်ကြည့်ရှုကြသည်။

ခရိုင်(ပြန်/ဆက်)



### ဟိုင်းကြီးကျွန်း

ဟိုင်းကြီးကျွန်းမြို့၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်စေရေးအတွက် ပထမအကြိမ် မဲစာရင်းများ ကပ်ထားကြေညာပေးထားမှုကို မဲဆန္ဒရှင်ပြည်သူများ မိမိနာမည် ပါရှိမှု ရှိ မရှိကို သွားရောက်ကြည့်ရှုနိုင်စေရန်အတွက် ရပ်ကွက်၊ ကျေးရွာအတွင်း တာဝန်ရှိများက လိုက်လံအသိပေးနှိုးဆော်လျက်ရှိပြီး မဲဆန္ဒရှင်ပြည်သူများက မဲစာရင်းများ လာရောက်ကြည့်ရှုခဲ့ကြသည်။

လှိုင်မျိုးအောင်(ပြန်/ဆက်)



# နိုင်ငံခြားတူရိယာတွေ ခေတ်စားနေတဲ့ခေတ်ကာလမှာ အခုပြိုင်ပွဲမှာ ညီငယ်ညီမငယ်လေးတွေ ယှဉ်ပြိုင်နေတာ တွေ့ရမြင်ရတဲ့အတွက် ဂုဏ်ယူပီတိဖြစ်မိပါတယ်

မောင်ဖိုးချစ်

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းမှစတင်ပြီး နေပြည်တော်ရှိ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်၊ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိခန်းမတို့၌ အသီးသီးယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲဝင်များ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်-


မောင်နေဇင်လင်း


မောင်ခန့်ညားလွင်


မောင်ပြည့်ဘုဏ်းသျှန်


မောင်ဖိုးချစ်


မအိအိငြိမ်း


မချစ်ပိုပိုအောင်


မောင်ဇင်ကိုနိုင်


မောင်မင်းမြတ်စိုး


မောင်ခင်မောင်လတ်


မောင်စောဘုန်းလွင်

**မောင်နေဇင်လင်း**
**ရှမ်းပြည်နယ်ကိုယ်စားပြု**
**ဂီတာပြိုင်ပွဲ**
**အခြေခံပညာအဆင့်(၁၅-၂၀)**

"စံပယ်(ကာလပေါ်)" သီချင်းနဲ့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ သီချင်းသံစဉ်ကလည်း တီးလို့အလွန်ကောင်းတဲ့ သီချင်းဖြစ်တဲ့အတွက် အကောင်းဆုံးယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ပြိုင်ပွဲမယှဉ်ပြိုင်ခင်က သီချင်းသုံးပုဒ်နဲ့ ကြိုတင်လေ့ကျင့်ခဲ့ပါတယ်။ ကျွန်တော့်ဆရာ ဆရာအောင်နိုင်စိုး ဂီတာတီးခတ်တာတွေကို တွေ့မြင်မိပြီး ဂီတာပညာရပ်တွေကို နှစ်သက်မြတ်နိုးပြီး လေ့လာသင်ယူခဲ့တာပါ။ ဒီနှစ်မှ ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ခေတ်ပေါ်ဂီတာထက် မြန်မာဂီတာပညာရပ်ကို ပိုမိုနှစ်သက်မြတ်နိုးတယ်။ ခေတ်ပေါ်ဂီတာက လက်ကွက်နဲ့တီးခတ်ရတာဖြစ်ပြီး မြန်မာဂီတာကျတော့ ဘိလေးနဲ့ တီးခတ်ရတာဖြစ်တဲ့အတွက် ပိုပြီး နှစ်သက်မြတ်နိုးမိပါတယ်။

**မောင်ခန့်ညားလွင်**
**ကယားပြည်နယ်ကိုယ်စားပြု**
**ဂီတာပြိုင်ပွဲ**

မြန်မာဂီတာပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တာပါ။ ကျောင်းတက်ရောက်နေတဲ့ အချိန်ဖြစ်တာမို့ စာမေးပွဲကလည်း တစ်ဖက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကိုလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားလေ့ကျင့်ရတာတွေနဲ့ အခက်အခဲများစွာရှိတဲ့ကြားထဲမှ အစွမ်းကုန်ကြိုးစားပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ မြန်မာ့ဂီတာကို ဒီနှစ်မှ စတင်ထိတွေ့ခဲ့တာဆိုပေမယ့် သီဆိုရတာ၊ တီးခတ်ရတာ ပျော်ရွှင်ဖို့ကောင်းပြီး အနုပညာဆန်တဲ့ ပညာရပ်လည်းဖြစ်ပါတယ်။ မြန်မာဂီတာပညာရပ်ဟာ နားထောင်လို့၊ နားဆင်လို့ကောင်းမယ်၊ မိမိစိတ်ထဲကို ငြိမ်းချမ်းမယ်၊ အေးချမ်းသွားစေမယ့် ပညာရပ်တစ်ခုဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးကို စဉ်ဆက်မပြတ် နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ပေးကြတဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။

**မောင်ပြည့်ဘုဏ်းသျှန်**
**ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု**
**စန္ဒရားအတီးအပြိုင်ပွဲ(၁၅-၂၀)**

တိုင်းဒေသကြီးအဆင့်မှာကတည်းက အစွမ်းကုန်ကြိုးစားလေ့ကျင့်ခဲ့တဲ့အတွက် အခက်အခဲမရှိ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ကျွန်တော့်အသက်ကိုးနှစ်အရွယ်က စတင်လေ့လာသင်ယူခဲ့ပါတယ်။ ဖြေလျော့ခွေ(ပတ်ပျိုး)၊ ချောကလျှာ (ကာလပေါ်)၊ အင်ကြင်းသရဖီ (ယိုးဒယား) သီချင်းသုံးပုဒ်နဲ့ ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့ရပြီး လေ့ကျင့်ချိန်မှာ ကျွန်တော်အကြိုက်ဆုံးဖြစ်တဲ့ ချောကလျှာ (ကာလပေါ်) သီချင်းနဲ့ ယှဉ်ပြိုင်ခွင့်ရခဲ့လို့ ကျေနပ်ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ရည်မှန်းချက်ကတော့ နိုင်ငံကျော်စန္ဒရားပညာရှင်ကြီးတစ်ယောက် ဖြစ်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်။ နောင်မျိုးဆက်သစ်လူငယ်တွေကို စန္ဒရားပညာရပ်ကို လေ့လာသင်ယူကြပြီး လာရောက်ယှဉ်ပြိုင်ကြပါလို့ ပြောကြားချင်ပါတယ်။ နိုင်ငံတော်တာဝန်ရှိသူတွေအားလုံးကိုလည်း ဒီလိုပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**မောင်ဖိုးချစ်**
**မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု**
**စန္ဒရားအတီးပြိုင်ပွဲ (၁၅-၂၀)**

(၂၃)ကြိမ်မြောက် ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲမှာ ငွေတံဆိပ်ဆုရရှိခဲ့ပြီး (၂၄)ကြိမ်မြောက် ဆိုင်း၊ စန္ဒရားအတီးပြိုင်ပွဲမှာတော့ ကြေးတံဆိပ်ဆုတွေရရှိခဲ့ပါတယ်။ (၂၅)ကြိမ်မြောက်မှာတော့ ဝင်ရောက်မယှဉ်ပြိုင်ခဲ့ပါဘူး။ အခုပြိုင်ပွဲမှာ ယှဉ်ပြိုင်ဖို့မဲကျတဲ့ "ချောကလျှာ(ကာလပေါ်)" သီချင်းက ကျွန်တော့်ဆရာ ဦးဝင်းဖေ ကိုယ်တိုင်လွန်ခဲ့တဲ့နှစ်ကတည်းက လေ့ကျင့်သင်ကြားပေးထားတဲ့သီချင်းဖြစ်တဲ့အတွက် အကောင်းဆုံး ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ဒီပြိုင်ပွဲကြီးမှာ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေနဲ့ ပြန်လည်ဆုံတွေ့ခွင့်၊ ပြိုင်ပွဲဝင်အချင်းချင်း ပညာနှီးနှောဖလှယ်ခွင့်တွေရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ နိုင်ငံခြားတူရိယာတွေ ခေတ်စားနေတဲ့ခေတ်ကာလမှာ အခုပြိုင်ပွဲမှာ ညီငယ်ညီမငယ်လေးတွေ ယှဉ်ပြိုင်နေတာတွေ့ရမြင်ရတဲ့အတွက် ဂုဏ်ယူပီတိဖြစ်မိပါတယ်။

**မအိအိငြိမ်း**
**တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု**
**စောင်းအတီးပြိုင်ပွဲ(၁၅-၂၀)အဆင့်**

(၂၃)ကြိမ်မြောက်မှာ ဝင်ရောက်ယှဉ်ပြိုင်တာ ရွှေတံဆိပ်ဆုရရှိခဲ့ပြီး (၂၄)ကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်တာမှာတော့ ဆုတံဆိပ်မရရှိခဲ့ပါဘူး။ "လျှပ်ပန်းခွေနွဲ့" သီချင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲကြီးတွေ နှစ်စဉ်စီစဉ်ကျင်းပပေးတဲ့အတွက်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်အစုံမှ ပြိုင်ပွဲဝင်တွေ များပြားလာတာလို့ ထင်မြင်မိပါတယ်။ အခက်အခဲများစွာရှိတဲ့ကြားထဲမှ လူငယ်မျိုးဆက်သစ်တွေအတွက် အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။

**မချစ်ပိုပိုအောင်**
**ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာ(၁၀-၁၅) မယ်ဒလင်အတီး**

ကျွန်မ ဒီနှစ်မှ နေပြည်တော်မှာ စပြိုင်ဖူးတာပါ။ ကျွန်မက ပုသိမ်ကပါ။ မယ်ဒလင်ကော၊ ဆိုင်းအဖွဲ့လိုက်မှာပါ ပြိုင်ပွဲဝင်ခဲ့တာကြောင့် တစ်လလောက် လေ့ကျင့်ခဲ့ပါတယ်။ ယှဉ်ပြိုင်ပြီးတဲ့အပေါ်မှာ စိတ်ကျေနပ်မှုရှိပါတယ်။ ကျွန်မက နွေရာသီကျောင်းပိတ်ရက်တွေမှာ အနုပညာလှုပ်ရှားမှုအနေနဲ့ သီချင်းဆိုဖြစ်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း အဆိုကော၊ အတီးကော ထပ်ပြီးယှဉ်ပြိုင်သွားဦးမှာ ဖြစ်ပါတယ်။

**မောင်ဇင်ကိုနိုင်နှင့်အဖွဲ့**
**မကွေးတိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာ(၁၅-၂၀) အိုးစည်အတီး**

ကျွန်တော်တို့အဖွဲ့က ဒီနှစ်မှစပြီး ဗဟိုမှာ ယှဉ်ပြိုင်တာပါ။ ယှဉ်ပြိုင်ခဲ့တဲ့အပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။ သီချင်းလေးပုဒ်လောက်ကို တစ်လလောက် လေ့ကျင့်ပြီး အကောင်းဆုံး လာရောက်ယှဉ်ပြိုင်ခြင်း ဖြစ်ပါတယ်။ ခုလိုလာပြိုင်ရလို့ ပျော်ပါတယ်။ စိတ်လည်း လှုပ်ရှားရပါတယ်။

**မောင်မင်းမြတ်စိုးနှင့်အဖွဲ့**
**ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု**
**အခြေခံပညာ(၁၅-၂၀) အိုးစည်အတီး**

ကျွန်တော်တို့အဖွဲ့ (၂၄)ကြိမ်မြောက်ရယ်၊ (၂၅)ကြိမ်မြောက်ရယ်မှာ လာရောက်ယှဉ်ပြိုင်ခဲ့ဖူးပါတယ်။ (၂၄)ကြိမ်မှာ ကြေးတံဆိပ်ရပြီး (၂၅)ကြိမ်မှာ ဆုမရရှိခဲ့ပါဘူး။ ဒီနှစ်အတွက်လည်း အကောင်းဆုံး ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ကို ငပုတော အထက က ကျောင်းသားတွေနဲ့ စုဖွဲ့ထားတာပါ။ ရှေ့ဆက်ပြီးတော့လည်း ယှဉ်ပြိုင်သွားဦးမှာဖြစ်ပါတယ်။

**မောင်ခင်မောင်လတ်နှင့်အဖွဲ့**
**ကယားပြည်နယ်ကိုယ်စားပြု**
**အခြေခံပညာ(၁၅-၂၀) ဒိုးပတ်အတီး**

ကျွန်တော်တို့အဖွဲ့ လာရောက်ယှဉ်ပြိုင်တာ လေးကြိမ်ရှိပါပြီ။ ဆုတွေလည်း ရခဲ့ဖူးပါတယ်။ ဒီနှစ်အတွက်လည်း ဆုမျှော်မှန်းထားပါတယ်။ အချိန်က တစ်လလောက်လေ့ကျင့်ခဲ့ရတယ်။ ဆိုကရေးတီးပြိုင်ပွဲလုပ်တိုင်း ဆက်လက်ပြိုင်သွားဦးမှာဖြစ်ပါတယ်။ ခုလို လာပြိုင်ရလို့ ပညာတွေလည်း အများကြီးရတယ်။ တကယ်ပျော်ခဲ့ရပါတယ်။

**မောင်စောဘုန်းလွင်**
**ကယားပြည်နယ်ကိုယ်စားပြု**
**အဆင့်မြင့်ပညာ မယ်ဒလင်အတီး**

ကျွန်တော် အခုမှပထမဆုံး လာရောက်ယှဉ်ပြိုင်ဖူးတာပါ။ သုံးလေးလလောက်နဲ့ သီချင်းနှစ်ပုဒ်လောက်ကို အကောင်းဆုံး လေ့ကျင့်ခဲ့ပါတယ်။ ယှဉ်ပြိုင်ခဲ့မှုမှာ အများကြီးအတွေ့အကြုံတွေ ရခဲ့ပါတယ်။ မယ်ဒလင်အတီးအပြင် သီချင်းဆိုတာလည်း ဝါသနာပါပါတယ်။ နောင်နှစ်တွေမှာ အဆိုဘက်ကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်ထားပါတယ်။

**သတင်းအဖွဲ့**

# “ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ ” လူထုအသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ရာ ပြည်သူများအနေဖြင့် နိုင်ငံသားတစ်ဦး၏ အခွင့်အရေးဖြစ်သော ဆန္ဒမဲပေးနိုင်စေရေးအတွက် လူထုအသိပညာပေး “နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ မဲပေးကြပါစို့ ” မြေစိုက်ပိုစတာကို အောက်တိုဘာ ၁၀ ရက်က နိုင်ငံတစ်ဝန်း မြို့နယ်များရှိ လူစည်ကားရာနေရာများ၌ စိုက်ထူထားကြောင်း သိရသည်။


ကမမောင်းမြို့ — ကမမောင်း(ပြန်/ဆက်)


ဇမ္ဗူသီရိမြို့နယ် — တင့်ဖူးခိုင်(ပြန်/ဆက်)


မရမ်းကုန်းမြို့နယ် — မြို့နယ်(ပြန်/ဆက်)


ပျဉ်းမနားမြို့နယ် — မြို့နယ်(ပြန်/ဆက်)


ကျောက်တံတားမြို့နယ် — မြို့နယ်(ပြန်/ဆက်)


ဒက္ခိဏသီရိမြို့နယ် — မြို့နယ်(ပြန်/ဆက်)


မိုင်းရှူးမြို့နယ် — သန်းလူ(ပြန်/ဆက်)


ပန်းဘဲတန်းမြို့နယ် — မြို့နယ်(ပြန်/ဆက်)


မိုင်းယန်းမြို့နယ် — ထွန်းထွန်းထူး


ချမ်းအေးသာစံမြို့နယ် — ချမ်းမြေ့မောင်


ကျောက်ပန်းတောင်းမြို့နယ် — နေအောင်(ပြန်/ဆက်)


မြို့သစ်မြို့နယ် — သန်းဝင်းထွန်း(ပြန်/ဆက်)


လွိုင်လင်မြို့ — ခရိုင်(ပြန်/ဆက်)


ချမ်းမြသာစည်မြို့နယ် — ချမ်းမြေ့(ချမ်း/စည်)


တပ်ကုန်းမြို့ — တင့်တင့်


တာလေမြို့ — ရဲထက်ဦး(ပြန်/ဆက်)


ပွင့်ဖြူမြို့နယ် — လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)


မိုင်းပျဉ်းမြို့ — နန်းသန္တာဦး(ပြန်/ဆက်)

# ကျောက်မဲမြို့နယ်၌ အသက် ၁၅ နှစ်အောက်ကလေးများ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ပြန်လည်အားဖြည့်ဆောင်ရွက်၊ နောင်ချိုမြို့နယ် (ယာယီ)ပြည်သူ့ဆေးရုံတွင် ကုသမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံမှု တိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၌ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်း များသည် ကျောက်မဲမြို့ပေါ်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း၊ မကူးစက်ရောဂါ နှင့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းနှင့် ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်မဲမြို့၌ ကာကွယ်ဆေးထိုးနှံတိုက်ကျွေး ခြင်းလုပ်ငန်းကို ပြန်လည်အားဖြည့် ဆောင်ရွက်ရန် အတွက် Big Catch-up ၊ Routine Catch-up နည်းလမ်းများဖြင့် အမီလိုက် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်း လုပ်ငန်းများ၊ အသက် ၁၅ နှစ်အောက် ကလေးများအား အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေးလုပ်ငန်းများ (Special Immunization Activities) စသည်ဖြင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းလုပ်ငန်းများကို ကလေးတိုင်းဆီသို့ ရောက်ရှိရန် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောက်တိုဘာ ၁၀ ရက်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အခြေခံကျန်းမာရေးဝန်ထမ်းများသည် ကျောက်မဲမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများ ကျန်းမာရေးစစ်ဆေး ပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းလုပ်ငန်း များဆောင်ရွက်ပေးခဲ့ပြီး အသက် ၁၅ နှစ်အောက် ကျောင်းသား ကျောင်းသူ ၂၀၀ ကို လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးသည်။

အသက် ၁၅ နှစ်အောက်ကလေးများအား အထူး အစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးရေး လုပ်ငန်းများကို ကျောက်မဲမြို့နှင့် နောင်ချိုမြို့နယ် အပါအဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသော မြို့နယ်အားလုံးတွင် ထိုးနှံ တိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံ ကျောင်း၌ အောက်တိုဘာ ၅ ရက်မှစ၍ ယာယီ ဆေးရုံဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူ များအား လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်း၊ အတွင်းလူနာနှင့် ပြင်ပလူနာများအား လက်ခံကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိရာ ထိုဒေသ အနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသား ပြည်သူများ လာရောက်ကုသမှု ခံယူလျက်ရှိပြီး အောက်တိုဘာ ၅ ရက်မှ ၁၀ ရက် နံနက်အထိ ပြင်ပလူနာ ၆၂၃ ဦးနှင့် အတွင်းလူနာ ၁၄ ဦးကို လိုအပ်သောကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံမှု ဆက်လက်လက်ခံ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းအား အောက်တိုဘာ ၈ ရက်မှ စတင် ဖွင့်လှစ်ခဲ့ပြီး ကျောင်းအပ်လက်ခံ ခြင်းများ ဆက်လက်ဆောင်ရွက် ပေးလျက်ရှိရာ ယနေ့တွင် ကျောင်း လာရောက် အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၂၇၅ ဦး ထပ်မံ ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်း သူ ၂၂၅၂ ဦး ကျောင်းတက်ရောက် လျက်ရှိပြီး တည်ငြိမ်အေးချမ်း လျက်ရှိသည့် ဒေသမှ ကျောင်း သား ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်း သာစွာ ပညာသင်ကြားလျက် ရှိကြောင်း သိရှိရသည်။

အဆိုပါ ထပ်မံကျောင်းအပ်နှံ သည့် ကျောင်းသား ကျောင်းသူ များအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံး စာအုပ်များနှင့် စာရေးကိရိယာ များကို တစ်ပါတည်း ပေးအပ်ကြ ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေး ကြသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင် များက ကျောက်မဲမြို့ပေါ်ရှိ ဌာန ဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာ နေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိပြီး ဒေသခံပြည်သူများ ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေး ဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘ မုနိတရုတ်ဘုံကျောင်း၌ ယာယီ ဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေး ခြင်းများကို ဆောင်ရွက်ပေးလျက် ရှိရာ ယနေ့တွင် ပြင်ပလူနာ ၂၄၃ ဦးနှင့် ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာ ၁၅ ဦး တို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းအပြင် ကျောက်မဲမြို့ပေါ် ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဌာန ဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံ ပြည်သူများနှင့်အတူ ဆေးရုံ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်း မြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေး ခြင်း စသည့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသ ကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဖက်စလုံး ဂိုး(မရှိ) သရေရလဒ်ဖြင့်လည်းကောင်း၊ ကရင်ပြည် နယ်၊ ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစား ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းကို ၁ ဂိုး - ဂိုးမရှိ ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ် မြို့ ကိုးသိန်းအားကစားကွင်းတွင် ဧရာဝတီတိုင်း ဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် (၁) ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ စစ်ကိုင်းတိုင်း ဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်း က ကယားပြည်နယ်အသင်းကို ၈ ဂိုး - ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

**ဗိုလ်လုပွဲများ ဆက်လက်ကျင်းပ**

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၂၅) နှစ်အောက် အမျိုးသမီးဘောလုံး ပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်အထိ အုပ်စု ပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ကရင်ပြည်နယ်၊ ရှမ်း ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ဇုန် (၄)ဇုန်ခွဲ၍ ကျင်းပသွားမည် ဖြစ်ပြီး အောက်တိုဘာ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက် တို့တွင် ကျင်းပမည့် ရှုံးထွက်ပွဲစဉ်များ၊ တတိယ လုပွဲ ပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

**အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်**

အောက်တိုဘာ ၁၂ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မွန်းလွဲ ၃ နာရီမှစတင်၍ ရှမ်းပြည်နယ်၊ တောင်ကြီး မြို့ပြည်နယ်အားကစားကွင်း၌မကွေးတိုင်းဒေသကြီး အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကချင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်း တို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင် ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ကျော့ဖုံးမှ*

ပြင်သစ်အသင်းဘက်သို့ ဂိုးပေါက် ခြိမ်းခြောက်မှု တစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။ ပြင်သစ်အသင်း က အဇာဘိုင်ဂျန်အသင်းဘက်သို့ ဂိုးပေါက်ခြိမ်းခြောက်မှု (၃၃) ကြိမ် အထိ ပြုလုပ်နိုင်ခဲ့သည်။ ယခုပွဲစဉ် တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော အသင်းအဓိက တိုက်စစ်ကစား သမား အမ်ဘာပေသည် နိုင်ငံ တကာ သွင်းဂိုး ၅၃ ဂိုးအထိ ရှိလာ ပြီး ပြင်သစ်အသင်း၏ ဒုတိယ မြောက် သွင်းဂိုးအများဆုံး ကစား သမား ဖြစ်လာခဲ့သည်။

ပြင်သစ်အသင်း အတွက် သွင်းဂိုးများကို အမ်ဘာပေ၊ ရာဘီ ရော့သ်နှင့် သအူဗင်တို့က သွင်းယူ ပေးခဲ့သည်။ အဇာဘိုင်ဂျန်အသင်း သည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် သုံးပွဲကစားထားပြီး အသင်း တိုက်စစ်က တစ်ဂိုးသာ သွင်းယူ ထားနိုင်ကာ ခံစစ်က ကိုးဂိုးအထိ ခွင့်ပြုပေးထားရသည်။

အခြား ပွဲစဉ်ရလဒ်များတွင် ဂျာမနီက လူဇင်ဘတ်ကို လေးဂိုး- ဂိုးမရှိ၊ မြောက်အိုင်ယာလန်က စလိုဗက်ကီးယားကို နှစ်ဂိုး-ဂိုးမရှိ၊ ဆွစ်ဇာလန်က ဆွီဒင်ကို နှစ်ဂိုး- ဂိုးမရှိ၊ ယူကရိန်းက အိုက်စလန်ကို ငါးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲကိုယ်စီရရှိ ခဲ့ပြီး အသင်းကြီး ဘယ်လ်ဂျီယံက မြောက်မက်ဆီဒိုးနီးယားကို ပွဲချိန် အများစု တစ်ဖက်သတ် ဖိအားပေး ကစားနိုင်ခဲ့သော်လည်း ဂိုးမရှိ သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့ သည်။

**အောင်ဇော်**

❍ *ကျော့ဖုံးမှ*

ထိုသို့ ကျင်းပပုံများကို နံနက် ၈ နာရီ ၁၅ မိနစ်မှ စတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD ၊ MRTV - Entertainment ၊ MRTV - Parliament ၊ MRTV - NRC ၊ မိတ်ဖက်ရုပ်သံလိုင်းများ ဖြစ်ကြသည့် MWD-HD Channel ၊ MWD Variety-HD Channel တို့မှ လည်းကောင်း၊ MOI Website ၊ MOI Youtube ၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့် ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM ၊ မန္တလေး FM ၊ ပဉ္စဝတီ FM ၊ ရွှေ FM ၊ ပတ္တမြား FM၊ FM ပုဂံ ၊ ချယ်ရီ FM နှင့် Star FM ၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက် (LIVE) ထုတ်လွှင့် မည်ဖြစ်သည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ် ဖမ်းဆီးရမိ


ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် အောက်တိုဘာ ၁၁**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃ ရက်၊ ၅ ရက်နှင့် ၆ ရက်တို့တွင် လယ်ဝေးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် ၇ ဒသမ ၁၂၁ တန်၊ အခြားသစ် ၂ ဒသမ ၀၅၂ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၈၉၄၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၈ ရက်တွင် တောင်ငူမြို့နယ်၊ လက်စွပ်ကျကျေးရွာ၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၄၅၀ တန်၊ အခြားသစ် ၀ ဒသမ ၃၅၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၄၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် အမရပူရမြို့နယ် ထုံးဘိုတိုးဂိတ်အနီး၌ လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၉ ရက်တွင် မော်လမြိုင်မြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ကျိုက်မရောမြို့နယ် ကျုံစိန်ကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၈၀၀၀၀) ကို အမှုတွဲဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂ ရက်တွင် တိုက်ကြီးမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၁၄ ဒသမ ၅၉၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၅၇၆၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၈ ရက်တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ အောက်တိုဘာ ၉ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၁၄၂၅၀) ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၁၄၂၅၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် အောက်တိုဘာ ၂ ရက်၊ ၃ ရက်၊ ၅ ရက်၊ ၆ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၆)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၉၅၁၄၃၀)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၁၁**
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ အနောက်တောင်မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**


### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နေ အောင်မျိုးဦး(ဘ)ဦးစိုးလွင် ၆/မမန(နိုင်)၂၃၁၁၉၈၏ နိုင်ငံကူးလက်မှတ် အမှတ် (MB 851886)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၈၃၃၃၄၅၅**

### အမည်ပြောင်း

လှိုင်မြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ အင်းစိန်လမ်း၊ တိုက်အမှတ်(၆၀/အေ)၊ အခန်းအမှတ်(၁၄)နေ (ဘ)ဦးရဲအောင်၏သား မောင်မင်းဉာဏ်သွင် အမည်အစား မောင်အဲရစ်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

### အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၁၀-၂၀၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၃)တွင်ပါရှိသော ဦးဖြိုးဝေအောင်၊ ဒေါ်မေပရယ်ဦး၏ အများသိစေရန် ကြေညာခြင်းတွင် ခြေရင်းခြမ်းအစား **ခေါင်းရင်းခြမ်း**ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

### လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အထက ဆပ်ကွင်းမှ အလယ်တန်းပြဆရာမ နမ့်စီစီ ၁၄/ပသရ(နိုင်)၀၄၀၇၈၅နှင့် နန့်စီစီသည် တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင် ဦးအောင်စိန်နှင့် မန်းအောင်စိန်မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**နမ့်စီစီ(ခ)နန့်စီစီ ၁၄/ပသရ(နိုင်)၀၄၀၇၈၅**
**ဦးအောင်စိန်(ခ)မန်းအောင်စိန်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြနန္ဒာလမ်း၊ မြေကွက်အမှတ်(၁၀၀၇)ဟုခေါ်တွင်သော မြေအလျား X အနံ(၄၀ X ၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းဝင်း(၁၃/လရန(နိုင်)၀၀၅၄၆၇)မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးသက်ပိုင်ထူး(၁၀/မလမ(နိုင်)၁၈၇၀၁၈)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
| --- | --- | --- |
| အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

အမှတ် (၁၀၁)၊ ကံ့ကော်မြိုင် (၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-၁၆A ခေတ္တရာအနောက်၊ ဦးပိုင်အမှတ်(၅)၊ မြို့မြေအမျိုးအစား၊ မြေချိန်ဧရိယာ(၀.၀၅၅)ဧက(ပေ၄၀x၆၀ပေ)အကျယ်အဝန်းရှိ သောမြေကွက်နှင့် မြေတွင်းမြေပေါ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်တင်တင်ခိုင်(၇/ပမန(နိုင်)၀၄၆၂၅၈)က ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာသည့်အတွက် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဦးရဲမြင့်သိန်း (၁၁/တကန(နိုင်)၀၇၀၇၂၇)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါအရောင်းအဝယ်ပြုလုပ်သည့်မြေကွက်နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်မာသည့် ပိုင်ဆိုင်မှုမူရင်းစာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အထက် ဖော်ပြပါရောင်းဝယ်မှုကိုဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မြင့်သူဇာဦး (LL.B) (တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၉၉၂) အမှတ်(၄၁၀-က)၊ တီကျစ်ဆုံလမ်း၊ ဆင်စုရပ်ကွက်၊ ပြည်မြို့၊ ဖုန်း-၀၉-၄၃၁၀၄၂၄၈**

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5R-9410 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် W/54939၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

### ကျောက်ဆည်မြို့ မဟာရွှေသိမ်တော်မြတ်စွာဘုရား ရွှေသင်္ကန်းကပ်လှူရန်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ မဟာရွှေသိမ်တော်မြတ်စွာဘုရား ရုပ်ပွားတော်ကြီးနှင့် ဘေးဝဲ/ယာရှိ အရံစေတီရုပ်ပွားတော်(၂)ဆူအား ရွှေသင်္ကန်းကပ်လှူရန် (၂လက်မx၂လက်မ) ပတ်လည် အရွက်(၁၀၀)ပါ ရွှေဆိုင်း(၁၀၀)ဆိုင်း ဝယ်ယူရေး တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်၍ ရွှေဆိုင်းတင်သွင်းမည့်ဈေးနှုန်းအဆိုပြုလွှာများအား (၁၃-၁၀-၂၀၂၅)ရက်မှ (၁၇-၁၀-၂၀၂၅)ရက် ရုံးချိန်အတွင်း တင်ဒါတင်သွင်းနိုင်ပါသည်။ သို့ပါ၍ ရွှေဆိုင်းတင်ဒါပေးသွင်းလိုသူများအနေဖြင့် လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀-/နှုန်းဖြင့် ဝယ်ယူ၍ အောက်ပါအတိုင်း လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

| | | | |
| --- | --- | --- | --- |
| (က) | **ဝယ်ယူမည့်ရွှေဆိုင်း** | - | (၂လက်မx၂လက်မ) မျက်ပါးရွှေဆိုင်း(၁၀၀)ဆိုင်း |
| (ခ) | **လျှောက်လွှာ တင်သွင်းရမည့်ရက်** | - | (၁၃-၁၀-၂၀၂၅)ရက်မှ (၁၇-၁၀-၂၀၂၅)ရက်နေ့ ရုံးချိန်အတွင်း (ညနေ ၄:၃၀)နာရီထိ |
| (ဂ) | **ဈေးပြိုင်လေလံ/တင်ဒါ-တင်ဒါပွဲပြုလုပ်မည့် ရက်/နေရာ** | | (၁၉-၁၀-၂၀၂၅) ရက် နံနက်(၉:၃၀)နာရီ ရွှေသိမ်တော်ဂေါပကရုံးခန်း |

၂။ အသေးစိတ်အချက်အလက်များအား တင်ဒါခေါ်ယူရေးအဖွဲ့နှင့် ရွှေသိမ်တော်ဂေါပကအဖွဲ့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မဟာရွှေသိမ်တော်မြတ်စွာဘုရား**
**ရွှေသင်္ကန်းကပ်တင်ဒါလုပ်ငန်းများကြီးကြပ်ရေးကော်မတီ**
**ဖုန်း-၀၉-၄၀၂၆၉၉၄၂၄၊ ၀၉-၂၀၆၄၃၆၆**


## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ➢ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အခန်းတွင်း ဝင်ရောက်သည်နှင့် အအေးဓာတ်ရှိနေစေရန် လေအေးပေးစက်များကို နာရီပေါင်းများစွာ ဖွင့်ထားခြင်းက မီတာခများစွာ ကျစေပါမည်။
- ➢ လိုအပ်ချိန်မှ ဖွင့်သင့်ပါသည်။

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

**(အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ -၁၁)**

**အင်းစိန်ခရိုင်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၃၇**

ဒေါ်ခင်သက်လင်း **လျှောက်သူ။**

အခန်း(2A-578)၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ယာ ၂၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရပ်နေ အရွယ်မရောက်သေးသူ မောင်ဘုန်းနေသာနှင့် ၎င်းပိုင်သော ပစ္စည်းအကြောင်း။

အခန်း(2A-578)၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ယာ ၂၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရပ်နေ (၁)ဒေါ်ခင်သက် လင်းက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မောင်ဘုန်းနေသာ၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းသူ၏ကိုယ်နှင့်ပစ္စည်းကို (၁)အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိရှိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ရက် (၁၃၈၇ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြညိမ်းအေး)**
**ဒုတိယခရိုင်တရားသူကြီး**
**အင်းစိန်ခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/6334၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လှိုင်မြို့နယ်၊ ရွှေပိတောက်ငါးဈေးရှိ ရုံအမှတ်(G)၊ ဆိုင်အမှတ်(၅၇) ဦးသန်းအောင်-ဒေါ်နေခြည်ဌေး အမည်ပေါက်ဆိုင်ခန်းအား တရားဝင်ဇနီးဖြစ်သူ ဒေါ်နေခြည်ဌေး (၁၂/မရက(နိုင်)၁၂၃၅၅၇)(ဘ) ဦးမောင်ဌေးမှ တရားဝင်ခင်ပွန်းဖြစ်သူ ဦးသန်းအောင်(၁၂/စခန(နိုင်)၁၅၁၉၆၈)(ဘ) ဦးသိန်းညွန့်ကို ရုံအမှတ် (G)၊ ဆိုင်အမှတ်(၅၇)ဆိုင်ခန်းအား မေတ္တာဖြင့်အပြီးအပိုင်ပေးကမ်းပြီး အမည်ပြောင်းလျှောက်ထားလာ၍ ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန**
**ဈေးတာဝန်ခံ၊ ရွှေပိတောက်ငါးဈေး၊ ဖုန်း- ၀၉-၄၂၀၀၇၇၆၉၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာအတွင်းရှိ သန်လျင်ရိပ်မွန်အိမ်ရာ၊ City loft Condo၊ တိုက်အမှတ်(CL-9)၊ အခန်းအမှတ်(210)၊အခန်းအမျိုးအစား 1Bedroom၊ အကျယ်အဝန်း ဧရိယာ(484)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် ရေမီး စသည့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံး ကိုပိုင်ရှင်ဖြစ်သူဒေါ်စိမ့်စိမ့်အေး ၇/ပမန(နိုင်)၀၆၉၃၃၇ ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်ဦးဇော်မင်းလတ် ၈/မလန(နိုင်) ၀၅၄၀၃၄ မှ စရန်ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာလွှာပါသည့်ရက်မှစ၍ ၇ရက်အတွင်း ကျွန်တော့်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားပါမည်။

**ဦးဇော်မင်းလတ်**
**ဖုန်း-၀၉-၉၇၆၇၈၄၆၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ မြေကွက်အမှတ် ၅၁၂၊ မြေကွက်တည်နေရာ အမှတ် ၅၁၂၊ ရွှေစင် (၇)လမ်း၊ ၄၄ ရပ်ကွက်၊ ဒဂုံမြောက်((ဦးတင်သန်း 2/MAG-၁၄၄၁၂၄) အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ် ဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်သန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်ခင်သန်း ၁၂/ဥကတ(နိုင်)၀၆၈၃၅၂၊ ဦးတင်သန်း၏ ပထမအိမ်ထောင်ဖြင့်ရရှိသူ သားနှစ်ဦးအနက် သားတစ်ဦးဖြစ်သူ ဦးကျော်ကိုကိုထက်မှာ လူပျိုကြီးဘဝဖြင့် ကွယ်လွန်၍ ကျန်သားတစ်ဦးဖြစ်သူ ဦးကျော်ဘိုဘိုထက် ၁၂/ဥကတ(နိုင်)၁၅၀၈၄နှင့် ဒေါ်ခင် ခင်သန်းတို့မှ ပူးတွဲပြီး တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အခြားဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကိတ္တိမမွေးစားထားသောသားသမီးများလည်း တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ခင်ပွန်းနှင့် သားတစ်ဦး၏ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ပိုင်ဆိုင်မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းရာ မြေကွက်လပ်ဖြစ်ပြီး လူမနေခြင်းသော့ဖွင့်ပြကာ ကွင်းဆင်းသိရှိကြောင်း လျှောက်ထားသူများမှ ကွင်းဆင်းဖောင်တွင် လက်မှတ်ရေးထိုးပေးပါသည်။ ကျန်ရစ်သူသားဖြစ်သူ ဦးကျော်ဘိုဘိုထက်မှ အထက်ပါမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်စာ တင်ပြထားသဖြင့် ၎င်းကန့်ကွက်ထားခြင်းအား မိမိကိုယ်တိုင်မှ ညှိနှိုင်းပြေလည်ပြီးဖြစ်၍ မိမိတင်ပြခဲ့သော ကန့်ကွက်စာအား ဌာနဝင်စာဖြင့် ပြန်လည်ရုပ်သိမ်းပြီး၊ ယခုပါဝင်လျှောက်ထားသူ ဦးကျော်ဘိုဘိုထက်မှ ပထမအိမ်ထောင်နှင့်ရသော သားတစ်ဦးဖြစ်သူ ဦးကျော်ကိုကိုထက် သေစာရင်း၊ မိခင်၊ ဖခင်၏ ကွာရှင်းစာချုပ်မိတ္တူ၊ အိမ်ထောင်စုစာရင်းတို့ဖြင့် ယခုလျှောက်ထားသည့် အမှုတွဲတွင် ပါဝင်လျှောက်ထားမှုအား ကန့်ကွက်ရန်မရှိ သဘောတူပါကြောင်း၊ ပြဿနာဖြစ်ပေါ်ပါက တာဝန်ယူပါကြောင်း ဒေါ်ခင်ခင်သန်းမှ ဌာနဝင်စာဖြင့် တင်ပြလာခြင်း၊ ယခုပါဝင်လျှောက်ထားသူ ဦးကျော်ဘိုဘိုထက်မှ အိမ်ထောင်စုစာရင်းတွင် ဦးကျော်ဗိုလ်ဗိုလ်ထက်ဟု ရေးသားထားသဖြင့် သန်းခေါင်စာရင်းတွင် ကျော်ဗိုလ်ဗိုလ်ထက်ဖြစ်နေသော်လည်း မှတ်ပုံတင်၊ ဝန်ထမ်းကတ်၊ ဘွဲ့လက်မှတ်တို့တွင် ဦးကျော်ဘိုဘိုထက်ဖြစ်သည်မှာ မှန်ကန်ကြောင်း ဌာနဝင်စာဖြင့် ရှင်းလင်းတင်ပြလာပါသဖြင့် ဒေါ်ခင်ခင်သန်း+၁ မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံ ကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀)**

**တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်**

**၂၀၂၅-ခုနှစ်၊ တရားမကြီးမှုအမှတ် - (၆၈)**

၁။ ဦးနေမျိုးဝင်းတင့် နှင့် ဦးသန်းမောင်
၂။ ဒေါ်ဝင်းသော်တာ

**(တရားလိုများ)** **( တရားပြိုင် )**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတလမ်း၊ အမှတ်(၇၈၄)ရပ်နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ဦးသန်းမောင် သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အားတရားဝင်မှတ်ပုံတင် ပေးစေလိုမှု"ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅-ခုနှစ်၊ အောက်တိုဘာလ(၂၄)ရက်၊ (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်)၊ မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါရှိသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( ဂျူးဂျူးစန္ဒီကျော် )**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/7401 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရွှေဘို)ရွှေဘိုမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ ပြည်သာယာလမ်းနေ ဒေါ်ထွားလေး(၈/ဆမန(နိုင်)၀၀၈၁၉၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွားလေးမှ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အမှတ် (A-၃၃)နေ ဗိုလ်မှူးစိန်ဝင်းထံမှ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ ပြည်သာယာလမ်း၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ(၀.၁၇၇)ဧက၊ ဂရန်အမှတ်တွဲအမှတ်(၂၆၆/၉၆-၉၇)ကို ဝယ်ယူခဲ့ပြီး ယနေ့အချိန်ထိ မည်သူတစ်ဦးတစ်ယောက်မှ ကန့်ကွက်နှောင့်ယှက်တားဆီးခြင်းမရှိဘဲ လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် အဆိုပါဂရန်မြေအား ဒေါ်ထွားလေးအမည်ပေါက် ဆောင်ရွက်နိုင်ရန် အတွက် သက်ဆိုင်ရာရုံးဌာနများတွင် လိုက်လံဆောင်ရွက်ပေးနိုင်ပါရန် ဂရန်အမည်ပေါက်သူ ဗိုလ်မှူးစိန်ဝင်းအား အသိပေးကြေညာအပ်ပါသည်။

ဗိုလ်မှူးစိန်ဝင်းမှ ဤကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း သက်ဆိုင်ရာရုံးဌာနများသို့ လိုက်လံ ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။ ဤကြော်ငြာပါသည့်(၁၅)ရက်အတွင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွားလေး အမည်ပေါက်ရရှိနိုင်ရန်အတွက် သက်ဆိုင်ရာရုံးဌာနများတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချောစုဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၀၄)**
**ဖုန်း-၀၉-၁၀၁၁၁၂၀၆၃၊ ၀၉-၉၆၃၅၃၅၇၈၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ အကွက်အမှတ်(၄-အေ)၊ ကွင်းအမည်-ဇိုင်းဂနိုင်းရပ်၊ ဦးပိုင်အမှတ်(၁၂-က)ဟုခေါ်တွင်သည့် ဦးချိုတေလာ(ခ)မောင်ပိန်အမည်ပေါက် ဘိုးဘပိုင်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်နေအိမ်အဆောက်အအုံတို့အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပဲခူးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်-၄၆၁/I/၂၀၂၃အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လချိမီး (၇/ပခန(နိုင်) ၁၈၇၁၇၅) သည် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအား ဝယ်ယူသူ ဦးမင်းမင်းထွန်းထံမှ (၂၅-၈-၂၀၂၅) ရက်တွင် အရပ်ကတိစာချုပ်ဖြင့် အသိသက်သေများရှေ့မှောက်တွင် လက်ခံခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သတ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ဒေါ်လချိမီးထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြေညာစာပါရှိသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်အား ဥပဒေနှင့်အညီ မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊ အမည်ပြောင်း လျှောက်ထားခြင်းကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လချိမီး (၇/ပခန (နိုင်) ၁၈၇၁၇၅)**
**အမှတ်(၁၇)၊မင်းလမ်း၊ ဇိုင်း/တောင်ရပ်ကွက်၊ပဲခူးမြို့။ ဖုန်း- 09-43007924**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ ရန်ပြေရပ်ကွက်၊ ရန်ပြေလမ်း(၂၀)အနောက်၊ အမှတ်-(၃/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၂၀ ပေxအနံ ၆၀ ပေ)ရှိ မြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်ဇာခိုင် (၁၂/ပဇတ(နိုင်)၀၂၇၆၅၅) ၊ ဒေါ်အိအိနွယ် (၁၂/သကတ (နိုင်)၁၅၂၂၉၈) ၊ ဒေါ်တင်မေခိုင် (၁၂/သကတ (နိုင်)၁၇၂၁၆၅) တို့ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးခိုင်မင်းဦး (၁၂/သကတ (နိုင်) ၀၉၄၇၂၂)၊ ဦးနေလင်း (၁၂/သကတ (နိုင်) ၁၂၁၁၄၅) တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ဤမြေနှင့်အိမ် အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဝင်း (LL . B) အထက်တန်းရှေ့နေ (စဉ် - ၃၇၁၄၀)**
**ဖုန်း-၀၉-၂၅၃၈၉၇၁၇၅၊ ၀၉-၄၅၀၅၈၂၃၂၇**

## အများသိစေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ ပြည်သာယာလမ်းနေ ဒေါ်ထွားလေး(၈/ဆမန(နိုင်)၀၀၈၁၉၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွားလေးမှ နောင်ချိုမြို့၊ သုံးဆယ်ကျေးရွာအုပ်စု၊ သုံးဆယ် ကျေးရွာအနီး ဒေါ်လှလှမြင့်ထံမှ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ ပြည်သာယာလမ်း၊ ဦးပိုင်အမှတ်(၃၂)၊ ဧရိယာ(၀.၁၉၆)ဧက၊ ဂရန်အမှတ်တွဲအမှတ် ၂၆၅/၉၆- ၉၇ကို ဝယ်ယူခဲ့ပြီး ယနေ့အချိန်ထိ မည်သူတစ်ဦးတစ်ယောက်မှ ကန့်ကွက်နှောင့်ယှက်တားဆီးခြင်းမရှိဘဲ လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် အဆိုပါဂရန်မြေအား ဒေါ်ထွားလေးအမည်ပေါက် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာရုံးဌာနများတွင် လိုက်လံဆောင်ရွက်ပေးနိုင်ပါရန် ဂရန်အမည်ပေါက်သူဒေါ်လှလှမြင့်အား အသိပေးကြေညာအပ်ပါသည်။

ဒေါ်လှလှမြင့်မှ ဤကြော်ညာစာပါသည့်ရက်မှ(၁၅)အတွင်း သက်ဆိုင်ရာရုံးဌာနများသို့ လိုက်လံဆောင်ရွက်ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။ ဤကြော်ငြာပါသည့် (၁၅)ရက်အတွင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွားလေး အမည်ပေါက်ရရှိနိုင်ရန် အတွက် သက်ဆိုင်ရာရုံးဌာနများတွင် ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချောစုဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၀၄)**
**ဖုန်း-၀၉-၁၀၁၁၁၂၀၆၃၊ ၀၉-၉၆၃၅၃၅၇၈၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၂၉-စီ)၊ ကုန်းတလဘောင်(တောင်ပိုင်း)ရပ်ကွက်၊ ရွှေစေတီ(၅)လမ်း၊ မြေကွက်အမှတ်(၇၂/၆)၊ အကျယ်အဝန်း (၁.၅၀ဧက) အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့် မြေကွက်အမှတ် (၁၄)၊ အကျယ်အဝန်း (၂၂ပေx၅၈ပေ)ရှိသော မြေကွက်၏ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးခင်မောင်နွဲ့ (၁၁/မဥန(နိုင်)၀၉၃၃၂၄)နှင့် ဦးအေးမင်းထွန်း (၅/ကလထ(နိုင်) ၁၃၀၇၅၀)တို့မှ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးထွန်းထွန်းဝင်း (၈/ပခက(နိုင်) ၂၅၉၄၄၆)နှင့် နော်ဂျူးဒစ်ထွန်း(၃/လသန(နိုင်)၀၀၃၈၅၆)တို့မှ ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွန်း**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၅၁၉၁**
**အမှတ်(၂၃၅/ခ)၊ သိင်္ဂီ(၃)လမ်းတောင်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၅၀၂၅၃၄၆**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ကိုစိုးမြတ်သူ(Ko Myat Thu)(၁၄/မမန(နိုင်)၁၄၆၃၁၈) နှင့် မမေမီမီချစ် (Mee Chit) (၁၂/ဒဂန(နိုင်)၀၃၁၁၅၂) (ခေတ္တထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့)တို့၏ ဥပဒေဆိုင်ရာ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ကိုစိုးမြတ်သူ(Ko Myat Thu) နှင့် မမေမီမီချစ် (Mee Chit)တို့၏ အရွယ်မရောက်သေးသော သားသမီး(၂)ဦး၏ ဓာတ်ပုံများအား မိဘများ၏ ခွင့်ပြုချက်မရှိဘဲ ကလေးသူငယ်များ၏ အနာဂတ်ပုံရိပ်ဂုဏ်သိက္ခာကျဆင်းစေရန်အကြံဖြင့်လည်းကောင်း၊ကျွန်ုပ်တို့မိတ်ဆွေမိသားစု၏အကျိုးစီးပွားတိုးတက်လာမှုကို မနာလိုမရှုစိတ်ရှိနေသည့်အကြံဖြင့်လည်းကောင်း၊ အကောင်းမမြင်ကြသူအချို့တို့က ရည်ရွယ်ချက်ရှိရှိဖြင့် မှန်ကန်မှုမရှိသော စကားရပ်များရေးသားဖြန့်ဝေခြင်းများကို ဆက်သွယ်ရေးအော်ပရေတာမှတစ်ဆင့် လူမှုကွန်ရက်အမျိုးမျိုးကို အသုံးပြု၍ ပြုမူဆောင်ရွက်လျက်ရှိနေကြောင်း အထောက်အထားများအရ တွေ့မြင်သိရှိကြားသိနေရပါသည်။

ကျွန်ုပ်တို့မိတ်ဆွေများ၏ သားသမီးများ၊ မိသားစုဓာတ်ပုံများနှင့်အတူ မိသားစုဂုဏ်သိက္ခာ ကျဆင်းအောင် မှန်ကန်မှုမရှိသော အကြောင်းအရာများအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ပြုလုပ်ဆောင်ရွက်ချက်များသည် ဥပဒေနှင့်ဆန့်ကျင်နေပါသဖြင့် အဆိုပါ ပြုလုပ်မှုများကို ချက်ချင်းပြန်လည်ဖျက်သိမ်းပေးပါရန်နှင့် ရပ်တန့်ကြပါရန် ကျွန်ုပ်တို့က တင်းကြပ်စွာ သတိပေးတားမြစ်လိုက်သည်။

ဆက်လက်၍ ပြုလုပ်သူမည်သူတို့ကိုမဆို တည်ဆဲဥပဒေအရစုံစမ်းဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးခင်ဇော်** | **ဒေါ်အိအိဖြူ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၈၀)** |
| **B.Sc, PGDL, HGP.WIPO(Switzerland)** | **LL.B, DLP, WIPO(Switzerland)** |

**အမှတ်(၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၆၃၈၀၈၇၉၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာအေးမြလမ်း၊ အမှတ်(၁၈၈)နေ ဦးအောင်ဝင်း(၁၂/လကန(နိုင်) ၀၀၄၀၃၀) ၏သား မောင်သန့်ဇင်အောင်(၁၂/လကန(နိုင်)၁၃၈၅၆၆)သည် ဖခင်ဖြစ်သူအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ပြုမူဆောင်ရွက်ပြီး မိဘစကားနားထောင်ခြင်းမရှိသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်လိုက်ပြီ ဖြစ်ပါသည်။ မောင်သန့်ဇင်အောင်နှင့် ပတ်သက်သောကိစ္စအဝဝမှာ ဖခင်ဖြစ်သူနှင့် လုံးဝ(လုံးဝ) သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ကြောင်းနှင့် ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း**
**အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉-၄၂၀၀၄၇၅၅၅**

## ဖခင်အမည်မှန်

